## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

## (၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်** ၊ ၁၀း၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၂.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၈-၆-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် ၃၉၅ ဦး တက်ရောက်ပြီးတော့ ခွင့်ပန်ကြားသူစုစုပေါင်း ၃၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၃၁ ဦးအနက် ၂၀ ဦး

ကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ ခွင့် ၁ ရက်ပန်ကြားသူများဖြစ်ပြီး-

(၁) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း၊

(၂) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊

(၄) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်၊

(၅) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်၊

(၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်၊

(၇) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၊

(၈) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၊

(၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်နှင့်

(၁၀) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း တို့ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြည့်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းမစတင်မီ ရန်ပုံငွေများကို ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာ တင်မောင်ကြိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(ကြံခင်းမဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားရ ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား၊ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်မောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ လိုအပ်တဲ့ ရန်ပုံငွေများကို အကောင်အထည်ဖော်မယ့် အောက်ခြေအဆင့် တာဝန်ရှိသူများအား ထုတ်ပေးရာမှာ လက်ရှိကျင့်သုံး နေတဲ့ အစီအမံအစား ပိုမိုအဆင်ပြေမယ့်အစီအစဉ်များဖြင့် ပြုလုပ်စေရန် အစီအစဉ် ရှိ/မရှိ သိရှိလို ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လိုအပ်တဲ့ ရန်ပုံငွေများကို အောက်ခြေအဆင့် တာဝန်ရှိသူများထံကို ကြိုတင်ပေးအပ်ခြင်းမရှိဘဲ လုပ်ငန်းများ ဆောင်ရွက်စေကြောင်း တွေ့ရပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ တာဝန်ရှိပုဂ္ဂိုလ်များကလည်း လိုအပ်တဲ့ပစ္စည်းများ ဝယ်ယူဖို့ ပြင်ပမှ ငွေတိုးပေးချေးပြီးတော့ ငွေများချေးငှားကာ လုပ်ဆောင်နေကြ ရပါတယ်။ အဲဒီလို လုပ်ဆောင်တဲ့အတွက် စီမံကိန်းလုပ်ငန်းများမှာ ငွေအပြည့်အဝ မသုံးစွဲရသဖြင့် စံချိန်မမီခြင်းများ၊ အရည်အသွေးမကောင်းခြင်းများ ဖြစ်ပေါ်နေရပါတယ်။ တချို့ကျတော့လည်း လုပ်ငန်းမှာ အသုံးပြုရမယ့် ဆောက်လုပ်ရေးပစ္စည်းများကို အကြွေးနဲ့ဝယ်တဲ့အတွက် လက်ငင်း ဝယ်ယူတဲ့ ဈေးနှုန်းထက်မြင့်မားခြင်း၊ အရည်အသွေးမပြည့်တဲ့ပစ္စည်းများကိုသာ ရရှိခြင်းနဲ့ မသမာမှု များလည်း ပြုလုပ်နိုင်ကြောင်းလည်း သုံးသပ်ရပါတယ်။ ဒါကြောင့် စီမံကိန်းပြီးစီးသွားတဲ့အခါမှာ

စံချိန်မမီတဲ့ လမ်းများ၊ အဆောက်အဦများ ပေါ်ထွက်လာပြီး နှစ်အနည်းငယ်အတွင်းမှာပဲ ပျက်စီးသွားလေ့ရှိပါတယ်။ တကယ်လို့ စီမံကိန်းဆောင်ရွက်ရာမှာငွေများကို ကြိုတင်ထုတ်ပေးမယ်ဆိုရင် စီမံကိန်းအတွက် အသုံးပြုရမယ့် ငွေကြေးများအပြည့်အဝ သုံးစွဲနိုင်မှာဖြစ်သလို စံချိန်မမီတဲ့ပစ္စည်းများနှင့် မသမာမှုများလည်း ဖြစ်လာစရာအကြောင်းမရှိဘူးလို့ သုံးသပ်မိပါတယ်။ ဒါကြောင့် စီမံကိန်းများဆောင်ရွက်ရာမှာ လိုအပ်တဲ့ပစ္စည်းများနဲ့ အခြားလိုအပ်သည်များကို ကြိုတင်စီမံနိုင်ဖို့ စီမံကိန်းမစမီရန်ပုံငွေများကို ထုတ်ပေးတဲ့ အစီအစဉ် ရှိ/မရှိနဲ့ မရှိပါက မည်သည့်အတွက်ကြောင့်မရှိသည်ဟု သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင်မှ ပြည်သူ့လွှတ်တော်သို့ မေးမြန်းထားတဲ့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ လိုအပ်တဲ့ပစ္စည်းများနဲ့ အခြားလိုအပ်သည်များကို ကြိုတင်စီမံနိုင်ရန် စီမံကိန်းမစတင်မီ ရန်ပုံငွေများကို ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရဲ့ အင်ဂျင်နီယာဝန်ထမ်းများ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများကို ထဲထဲဝင်ဝင်လေ့လာသုံးသပ်တင်ပြပေးတဲ့ ကြံခင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာ တင်မောင်ကြိုင်အား အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမ တင်ပြလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်း၊ တံတား

စီမံကိန်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရာမှာ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားတဲ့ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ဘဏ္ဍာနှစ်အတွင်းမှာ သတ်မှတ်ပေးတဲ့ ရန်ပုံငွေများကို စီမံကိန်းလုပ်ငန်းအသုံးစရိတ်များ အပါအဝင် သုံးစွဲရာမှာ ရသုံးခန့်မှန်းခြေငွေစာရင်းအရ ခွင့်ပြုငွေ အတွင်းသာ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ သုံးစွဲဆောင်ရွက်လျက် ရှိပါတယ်။ ယခင်အစိုးရ လက်ထက်ကတော့ မပြီးပြတ်သေးခဲ့တဲ့ လုပ်ငန်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အစပိုင်းမှာ လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းစီမံကိန်းများကို ရန်ပုံငွေမရမီ ကြိုတင် ဆောင်ရွက်စေမှုများရှိခဲ့ရာမှာ တာဝန်ခံအင်ဂျင်နီယာများရဲ့ အစီအစဉ်နဲ့ စိုက်ထုတ်သုံးစွဲမှုများ ငွေချေးယူသုံးစွဲမှုများရှိခဲ့တာ အမှန်ပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စပြီးတော့ ခွင့်ပြုရန်ပုံငွေနဲ့ ရရှိတဲ့ အတိုင်းသာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်စေပြီးတော့ ရန်ပုံငွေများကို လည်း ၃ လပတ်အလိုက် လျာထားချက်များပြုလုပ်ပြီးတော့ လုပ်ငန်းများအလိုက် ကြိုတင်ငွေများကို လုပ်ငန်းခွင်ရုံးများသို့ ထုတ်ပေးခဲ့တာကြောင့် တင်ပြခဲ့တဲ့ စိုက်ထုတ်ငွေမျိုး မရှိတော့ပါဘူးခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ တာဝန်ခံကွင်းအင်ဂျင်နီယာများမှ ဆောက်လုပ်ရေး လုပ်ငန်းများအတွက် အဓိကပစ္စည်းများ ဝယ်ယူရာမှာလည်းပဲ ပွင့်လင်းမြင်သာမှုရှိစေရန်နဲ့ အကြွေးစနစ် ဝယ်ယူမှုမရှိစေရန်တို့အတွက် တရားဝင်အိတ်ဖွင့်တင်ဒါစနစ်နဲ့ သတင်းစာများမှလည်း ကောင်း၊ ဌာနကြော်ငြာသင်ပုန်းများမှလည်းကောင်း ကြော်ငြာပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းများကို စီမံကိန်းမစမီပင် လိုအပ်သော ငွေများအား ကြိုတင် ထုတ်ပေးလျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ပြည်-အောင်လံလမ်းပိုင်း (၁/၁၈၅)တံတားအား သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်မြို့ရဲ့အထွက် နတ္တလင်း တံတားလို့ခေါ်တဲ့ ရန်ကုန်-ပြည်မန္တလေးမိုင်တိုင်အမှတ်၊ (၁၈၄/၆)၊ (၁၈၄/၇)မှာ ရှိတဲ့တံတားဟာ RPT သံပေါင်တံတားဖြစ်ဖြစ်ပြီးတော့ ၁၉၅၄-၅၅ ခုနှစ်က ပြီးခဲ့တဲ့တံတား ဟောင်းတစ်ခုဖြစ်ပါတယ်။ တံတားရဲ့အရှည် အလျားပေ ၂၁၀ ၊ အကျယ်ပေ ၁၂ ပေရှိတဲ့ကား တစ်စင်းစီ ဖြတ်သန်းနိုင်တဲ့ တံတားကျဉ်းတစ်ခုဖြစ်ပါတယ်။ သက်တမ်း ၆၀ ခန့်ကြာပြီဖြစ်တဲ့ တံတားဟောင်းဟာ ကြမ်းခင်းများ ပျက်ဆွေးတာတွေ၊ ကွန်ကရစ်သားတွေ ကွာတာတွေ၊ ဟင်ဂလန်ပြုတ်ကျတာတွေ၊ မူလီတွေပြုတ်ကျ တာတွေ စသည်ဖြင့် အိုမင်းဟောင်းနွမ်းနေတဲ့တံတားဖြစ်တဲ့အတွက် အဲဒီတံတားကို တံတားဦးစီး ဌာနက ယာယီပြင်ဆင်မှုများ ပြုလုပ်ထားပါတယ်။ တံတားရဲ့ ခံနိုင်အားဟာ ၁၃.၅ တန် ရှိခဲ့ပေမယ့် ပလေ့ ရွာအနီးမှာရှိတဲ့ သံမဏိစက်ရုံကြီးကို သံမဏိသံတုံးယာဉ်ကြီးများ ပို့တဲ့အခါမှာ အဲဒီတံတားက ဖြတ်ရတယ်။ ဆန်၊ ဘိလပ်မြေစတဲ့ ကုန်တင်ယာဉ်ကြီးများကလည်း ဖြတ်သန်းနေတယ်။ ပြီးတော့ နေ့စဉ်လည်း ယာဉ်စီးရေ ၁၂၀၀ ခန့်အထိဖြတ်သန်းနေတဲ့တံတားတစ်ခု ဖြစ်ပါတယ်။ ယင်းတံတားဟာ အချိန်မရွေး ပြိုကျပျက်စီးသွားနိုင်တဲ့အတွက် အောင်ပါမေးခွန်းကို မေးမြန်းလိုပါတယ်ခင်ဗျား။ ပြည်-အောင်လံလမ်းပိုင်း (၁/၁၈၅) တံတားမှာ ဟောင်းနွမ်းယိုယွင်းနေပါသဖြင့် ပြိုကျပျက်စီးမှုမဖြစ်ခင် သံကူကွန်ကရစ်တံတားအသစ်တစ်ခု တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့်မှ မေးမြန်းထားတဲ့ ပြည်-အောင်လံလမ်းအပိုင်း တံတားအမှတ်(၁/၁၈၅)အား သံကူကွန်ကရစ် အမြဲတမ်းတံတားအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ စတဲ့မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော် ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်-ပြည်-မကွေးလမ်းပေါ်မှာရှိတဲ့ မိုင်တိုင်(၁၈၄/၆) အနီးမှာရှိတဲ့ နတ္တလင်းတံတား၊ တံတားအမှတ်

(၁/၁၈၅) RPT တံတားအမျိုးအစားဖြစ်ပြီးတော့ မက်စ်မြန်မာကုမ္ပဏီမှ ဘီအိုတီစနစ်နဲ့ တာဝန်ယူဆောင်ရွက်နေတဲ့လမ်းပိုင်းမှာ တည်ရှိတာဖြစ်ပါတယ်။ ၎င်းတံတားဟာတော့ ပေ ၁၀၀ အခန်းဖွင့်နှစ်ခန်း ပါဝင်တဲ့စုစုပေါင်းအရှည် ပေ ၂၀၀ ရှိတဲ့တံတားဖြစ်ပါတယ်။ ဒီနတ္တလင်းတံတားမှာ သက်တမ်းကြာမြင့်ပြီးတော့ ခိုင်ခံ့မှုနည်းလာတဲ့အတွက် တံတားခံနိုင်ဝန် မြင့်တက်လာစေရန် ရည်ရွယ်ပြီးတော့ ၂၀၁၂ ခုနှစ်မှာ ပေ ၁၀၀ ခန်းဖွင့် ၂ ခန်းရဲ့အလယ်မှာ ကျွန်တော်တို့ ၂ ပေ ၆ လက်မ အချင်းရှိတဲ့ သံကူကွန်ကရစ် တိုင်နှစ်တိုင်ကို ဒေါက်ထောက်လိုက်ပါတယ်။ ဒီလို ဒေါက်ထောက်လိုက်တဲ့အတွက်ကြောင့် တံတားရဲ့ span တစ်ခုတစ်ခု အကျယ်ဟာ ပေ ၅၀ ဖြစ်သွားတာကြောင့် တံတားခံနိုင်ရည်ပိုပြည့်လာပြီးတော့ တံတားခံနိုင်ဝန်ကို တန် ၃၀ အထိ ခွင့်ပြုထားခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားပေါ်မှာ တစ်နေ့ဖြတ်သန်းသည့်ယာဉ်စီးရေဟာ ၁၂၀၀ စီးခန့် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယာဉ်များ သွားလာမှုများပြားခြင်း၊ တံတားရဲ့သက်တမ်းကြာမြင့်ခြင်းတို့ကြောင့် သံကူကွန်ကရစ်တံတားအခင်းများ ကွဲအက်ပြီးတော့ ကြံ့ခိုင်မှုအားနည်း လာပါတယ်။ ဒါကြောင့်မို့လို့ ဒီရန်ကုန်- ပြည်-မကွေး လမ်းပေါ်မှာရှိတဲ့ ပေ ၂၀၀ အရှည်ရှိတဲ့ တံတားအမှတ်(၁/၁၈၅) နတ္တလင်းတံတားကို နှစ်လမ်းသွားသံကူကွန်ကရစ် အမြဲတမ်းတံတားတည်ဆောက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းမေးပါ။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်တော်ကြားလိုက်တာက Max Myanmar ကို B.O.T စနစ်ဖြင့် ပေးတယ်လို့ ပြောပါတယ်။ နောက်တစ်ခါ ဒီတံတားကိုပြင်ဖို့အတွက်လည်း ၂၀၁၄-၂၀၁၅ မှာ ဘတ်ဂျက်တင်ထားတယ်လို့ပြောပါတယ်။ အဲ့ဒီတော့ကျွန်တော်နားလည်တဲ့ B.O.T ဆိုတာ အဲ့ဒီကုမ္ပဏီကိုပေးပြီးတော့ အဲ့ဒီကုမ္ပဏီကပဲ ဒါကိုတည်ဆောက်အကျိုးအမြတ်ကိုရယူတယ်လို့ သဘောပေါက်ထားပါတယ်။ ဒီတော့ ကျွန်တော်တို့ တည်ဆောက်တာမဟုတ်ဘဲနှင့် အခုတော့ ဖာထေးပြုပြင်ပြီးတော့ လမ်းကြေးကောက်ခံနေတာဖြစ်ပါတယ်။ ဒီမှာလည်းတည်ဆောက်တယ်ဆိုတာကတော့ အခုမြင်နေတာကတော့ Tollgate တည်ဆောက်တယ်။ တန်ပိုအတွက် ကတ္တားကြီးတွေ တည်ဆောက်တယ်။ အဲ့ဒါတွေပဲ တည်ဆောက်နေတာတွေ့ပြီးတော့ လမ်းကို

အသစ်တည်ဆောက်တာ မတွေ့ရပါဘူး။ နေပြည်တော်-ရန်ကုန်-မန္တလေးလို အဝေးပြေးလမ်းမကြီးတွေ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ် စတဲ့အဲ့လိုလမ်းကြီးတွေကို တကယ်ပြင်ပြီးတော့ တကယ် ကောက်နေတာ ဖြစ်စေချင်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်သိလိုတဲ့အချက်ကတော့ B.O.T စနစ်နဲ့ ပေးထားပါတယ်ဆိုပြီးတော့ ဘတ်ဂျက်ခေါ်တဲ့ ပြည်သူ့ဘဏ္ဍာငွေနဲ့လည်း သုံးနေတဲ့အတွက် B.O.T စနစ်ဟာ ဘယ်လိုစနစ်မျိုးလဲ သိချင်ပါတယ်။ ဒီ B.O.T စနစ်ကို အဲ့ဒီ ကုမ္ပဏီကို နှစ်ဘယ်လောက်ကြာ အောင်ပေးထားပါသလဲဆိုတာလည်း သိချင်ကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုလို ပြည်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့် မေးမြန်းသွားတဲ့အတွက် ကျွန်တော်က B.O.T စနစ်နဲ့ရော ဒီတံတားဘာကြောင့် ဆောက်လုပ်ရလဲဆိုတဲ့ကိစ္စကို ရှင်းလင်းတင်ပြ ပေးမှာ ဖြစ်ပါတယ်။ ပထမဦးစွာ B.O.T စနစ်ကတော့ သက်တမ်းအားဖြင့် အနှစ် ၃၀၊ ၁၅ နှစ်၊ ၁၅ နှစ် စသည့်ဖြင့် ဒီလိုခွင့်ပြုပြီးတော့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ Max Myanmar ကုမ္ပဏီကို ပေးစဉ် တုန်းကတော့ အရင်မူအဟောင်းနဲ့ ဖြစ်တဲ့အတွက် အနှစ် ၃၀၊ ၁၅ နှစ်၊ ၁၅ နှစ် ဖြစ်ပါတယ်။ နောက်ပိုင်း မှာတော့ အနှစ် ၄၀၊ ၅ နှစ်၊ ၅ နှစ် ဆိုတဲ့ မူနဲ့သွားတာဖြစ်ကြောင်း ပထမအချက်ကို ရှင်းလင်းဖြေကြား လိုပါတယ်။ ဒုတိယအချက်ကတော့ ဒီတံတားဟာ B.O.T လမ်းပေါ်မှာရှိပါလျက်နဲ့ ဘာကြောင့် ကျွန်တော်တို့က နိုင်ငံတော်ဘဏ္ဍာကို သုံးစွဲပြီးဆောက်လုပ်ရပါလဲဆိုတဲ့ အချက်နှင့်ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် B.O.T လုပ်ငန်းပေးစဉ်အခါတည်းက စာချုပ်ချုပ်ဆိုခဲ့မှုမှာ ပေ ၁၈၀ အောက် တံတားများဆိုလျှင် သက်ဆိုင်ရာ B.O.T စနစ်ကို တာဝန်ယူတဲ့ ကုမ္ပဏီများက ဆောက်လုပ်ရတာ ဖြစ်ပါ တယ်။ ဒီလိုဆောက်တဲ့အခါမှာလည်းပဲ ပေ ၅၀ အောက်တံတားများကို ကုမ္ပဏီရဲ့ အစီအစဉ်နဲ့ ဆောက် လုပ်စေတာ ဖြစ်ပါတယ်။ ပေ ၅၀ နှင့် ၁၈၀ ကြားတံတားများကိုတော့ ကုမ္ပဏီက ငွေထုတ်ပေးပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အတတ်ပညာပိုင်းကူညီပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တံတား အထူးအဖွဲ့တွေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီတံတားဟာ ပေ ၁၈၀ အထက် တံတားဖြစ်တဲ့အတွက် စီမံကိန်းဝင်တံတားဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ ဒါကို နိုင်ငံတော်ကပဲ တာဝန်ယူတည်ဆောက် ရမယ့် တာဝန်ဖြစ်တာကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်မှာ ဘတ်ဂျတ်တောင်းခံပြီးတော့

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့များကို တာဝန်ပေးပြီး တည်ဆောက်မှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်သက်တမ်း ၂ နှစ်ကျော်ကျော်ရောက်ရှိလာတဲ့အခါမှာ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အတွေ့အကြုံတွေ၊ အရည်အချင်းတွေပိုမိုတိုးတက်လာသလို ပြည်ထောင်စုအဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် ကျန်တဲ့ဌာနအသီးသီးကလည်း မေးခွန်းများအပေါ် အလေးထားပြီးတော့ ဖြေဆိုလာတာ တွေ့ရတဲ့အတွက် ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါတယ်။ ဆက်လက်ပြီး လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့ လိုလားတဲ့ နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွားကို ဖော်ဆောင်သည့်နေရာမှာ မေးခွန်းများအပါအဝင် အဆိုနှင့် ဥပဒေများ ပြဋ္ဌာန်းတဲ့အခါမှာ စေတနာကောင်းရုံအပြင် အရည်အချင်းရှိရှိ ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ဒီအတိုင်းလည်း ဆောင်ရွက်သွားကြမယ်လို့ မျှော်လင့်ယုံကြည်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ထံ သဝဏ်လွှာ တစ်စောင်ပေးပို့လာပါတယ်။ ရည်ညွှန်းချက်ကတော့ နိုင်ငံတော်သမ္မတထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၂၅-၆-၂၀၁၃ ရက်စွဲပါ စာအမှတ် ၃/ပသ(စဝ)၄/၂၀၁၃-၀၀၅ ဖြင့်ပေးပို့သည့် သဝဏ်လွှာ ဖြစ်ပါတယ်။ သဝဏ်လွှာမှာပါတဲ့ အပိုဒ် ၃ မှာ ဖော်ပြထားတာကတော့ ငြိမ်းချမ်းရေးတည်ဆောက်ရေး ဆွေးနွေးအကောင်အထည်ဖော်မှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပံမှန်အစည်းအဝေး ဒီနေ့မှာ လာရောက်ရှင်းလင်းတင်ပြစေလိုတဲ့အကြောင်း ပေးပို့ဖော်ပြထားပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတရဲ့သဝဏ်လွှာအပေါ် လွှတ်တော်နှင့်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းတင်ပြမှုကို ဆက်လက်ဆောင်ရွက်ပါမယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်စပ်လျဉ်းပြီး ဆောင်ရွက်မှုများရဲ့ နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မင်း (ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဖြစ်စဉ်များနှင့်ပတ်သက်ပြီးတော့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ကျွန်တော် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းမှ

ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်အကျဉ်းတင်ပြမှာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် မတ်လမှ စတင်တာဝန် ယူခဲ့တဲ့ သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရသစ်လက်ထက်မှာ အစပြုခဲ့တဲ့ နိုင်ငံရေးပြုပြင် ပြောင်းလဲမှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီအရေး တည်ဆောက်မှုများ၏ အဓိက အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများကို ဖိတ်ခေါ်ခဲ့သည့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသည် လက်ရှိမြန်မာနိုင်ငံ၏ ဖြစ်စဉ်နှင့် ဖြစ်ထွန်းတိုးတက်မှုများ၏ စမှတ်ဖြစ်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီး၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကြိုဆိုလက်ခံကြတာလည်း တွေ့ရှိရပါတယ်။ တစ်ဖက်တွင် ကမ္ဘာပေါ်မှာ အရှည်ကြာဆုံးနှင့် အဖွဲ့အများဆုံးဖြစ်ခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များရဲ့ပဋိပက္ခအခြေအနေ ပကတိအခြေအနေတစ်ခု ဖြစ်သော စစ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူလိုသည့် နိုင်ငံရေးရင့်မှည့်မှုရှိနေချိန်နှင့် အချိန်ကိုက် ဖိတ်ခေါ်နိုင်ခဲ့တဲ့အတွက် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများရဲ့အပြုသဘောဆောင်သော တုန့်ပြန်မှုဟာလည်းရရှိခဲ့ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်နဲ့ တိုးတက်မှုများကို အချိန်ပိုင်း အတွင်းတည်ဆောက်နိုင်မှုသည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးတို့၏ မှန်ကန်သောစိတ်ရင်းစေတနာကိုအခြေခံသည့် ယုံကြည်မှုတည်ဆောက်နိုင်ခြင်း တို့ကြောင့်ပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ် နှင့်ပတ်သက်ပြီးတော့ ဒီနေ့ထိ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ဥစ္စာလေးတွေကို ကျွန်တော်တို့ဒီမှာ အစီရင်ခံစာနဲ့ စာမျက်နှာ ၂၀၀ ခန့် ကျွန်တော်တို့ ဖော်ပြထားပါတယ်။ ဒီစာအုပ်ကိုလည်း Soft copy များနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ဝေငှသွားမှာဖြစ်ပါတယ်။ ဒီထဲမှာ မာတိကာမှာတော့ ကျွန်တော်တို့တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နဲ့ဆွေးနွေးဆောင်ရွက်ချက်များပါ ပါတယ်။ အဲ့ဒီမှာ စာချုပ်များနှင့်တကွ ပေးထားတာဖြစ်တဲ့အတွက် ဒီစာချုပ်များဟာ သမိုင်းမှတ်တိုင်များဖြစ်မှာ ဖြစ်တဲ့အတွက် ဒါလေးတွေကို ထိန်းသိမ်းစောင့်ရှောက်သင့်တယ်လို့ ကျွန်တော် တင်ပြအပ်ပါတယ်။ နောက်ပြည်သူ့အင်အားစုများ နှင့်ဆွေးနွေးချက်များ အခြားအဖွဲ့အစည်းများနှင့် ဆွေးနွေးဆောင်ရွက်ချက်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ဆွေးနွေးဆောင်ရွက်ချက်များဆိုပြီးတော့ ဒီနေ့ဆောင်ရွက်ချက်များကို ကျွန်တော်တို့ ရေးသားတင်ပြထားပါတယ်။

**ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း**

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် နေ့တွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် KNU နှင့် သွားရောက်တွေ့ဆုံပြီး ငြိမ်းချမ်းရေးအတွက်ဖိတ်ခေါ်သည့်ခရီးစဉ်သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်များစတင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ ထိုခရီးစဉ်မှာ အပြုသဘော ဆောင်သော KNU ၏ တုံ့ပြန်မှုဖြစ်သည့် ဆွေးနွေး ပွဲများအစပြုရန် သဘောတူညီချက် ရရှိချိန်အထိ နှစ်ဦးနှစ်ဖက်စလုံးတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ကြိုတင်ပြင်ဆင်ချက်များမရှိခဲ့ပါ။ သို့သော် လက်တွေ့လိုအပ်ချက်နှင့် ခေတ်ကာလ၏တောင်းဆိုချက်အရ ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်ရန် ပြင်ဆင်မှု၊ ဖွဲ့စည်းမှုများကို အဆင့်ဆင့်လုပ်ဆောင်နိုင်ခဲ့ပါသည်။ အစဦးဆွေးနွေးမှုများတွင် နှစ်ဦး နှစ်ဖက်ယုံကြည်မှုတည်ဆောက်ခြင်းမှသည် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရန် အစပြုရေးတို့ပါဝင်သည့် နိုင်ငံရေးနားလည်မှုများကိုတည်ဆောက်နိုင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပဲ ဖွဲ့စည်းမှုအနေဖြင့် လိုအပ်သည့်သုတေသနပြုမှုများ မိမိတို့အစိုးရအနေဖြင့်ရပ်တည်သင့်သည့် အခြေခံမှုများ၊ လုပ်ငန်းစဉ်ပုံစံချမှုများအား မြန်မာ့နိုင်ငံရေးသမိုင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက် မှုအတွေ့အကြုံများနှင့် နိုင်ငံတော်သမ္မတကြီးမှ ချမှတ်ပေးသောမူဘောင်များကိုအခြေခံပြီး လက်ရှိ နိုင်ငံရေးအပြောင်းအလဲကို ထင်ဟပ်စေမည့် ငြိမ်းချမ်းရေးတည်ဆောက်မှု မူဘောင်များ၊ လုပ်ငန်းစဉ် များနှင့် မူဝါဒများပေါ်ပေါက်ရန် အချိန်နှင့်တစ်ပြေးညီ ရေးဆွဲအစပြုခဲ့ရပါသည်။

ဖွဲ့စည်းမှုအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဓိက အစိတ်အပိုင်း သုံးရပ်ဖြစ်သည့် အပစ်အခတ် ရပ်စဲ၏ရေးဆွေးနွေးမှုများနှင့် အကောင်အထည်ဖော်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်း စီမံကိန်းများအကောင်အထည်ဖော်နိုင်ရန် ဒီမိုကရေစီ ခေါင်းဆောင်ကြီးဖြစ်တဲ့ နယ်လ်ဆင်မန်ဒဲလား ပြောခဲ့တဲ့စကားလေးတစ်ခု ဒီမှာတင်ပြလိုပါတယ်။ “If you want to make peace, talk to the enemies not to your friends” ဆိုတဲ့အတိုင်းပါဘဲ ငြိမ်းချမ်းရေးကိုလိုလားပါက ရန်သူကိုစကားပြောပါ။ ရန်သူနဲ့အလုပ်တွဲလုပ်ပါဟု ပြောသည့်အတိုင်း ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်သည့်ပညာရှင်များ၊ လုပ်ငန်းကျွမ်းကျင်သူများကို ရန်သူမိတ်ဆွေ မခွဲခြားဘဲ စတင်စုစည်းခဲ့ရပါသည်။ မဟာဗျူဟာကျွမ်းကျင်သည့် ပညာရှင်များ၊ နိုင်ငံရေးသိပ္ပံပညာ ရှင်များ၊ လူမှုရေးသိပ္ပံပညာရှင်များ ပဋိပက္ခရေးရာနှင့် လုံခြုံရေးဆိုင်ရာပညာရှင်များ၊ ဥပဒေပညာရှင် များ၊ ဖွံ့ဖြိုးရေးဆိုင်ရာပညာရှင်များ၊ စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ၊ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာပညာရှင်များ၊ အစရှိသည့်ပညာရှင်များပါဝင်သော Myanmar peace Centre ကိုလည်း ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတွင် ပါဝင်သော ဝန်ကြီးများ

နှင့်ကော်မတီဝင်များ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ Myanmar peace Centre ကို အစိုးရတစ်စိတ်တပိုင်း အဖွဲ့အစည်းအနေဖြင့်ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့အစည်းကို နိုင်ငံတော် အစိုးရ၏ထည့်ဝင်မှု နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့် ဖွဲ့စည်းလုပ်ဆောင်လျက်ရှိပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၏လုပ်ငန်းရပ်များအနေဖြင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးမှုများ၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးမှုများ အစပြုနိုင်ရန်ပြင်ဆင်ခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ပါသည်။ လုပ်ဆောင်နိုင်ခဲ့သည့် လုပ်ငန်း မှတ်တိုင်များမှာ ဆွေးနွေးပွဲများမှရရှိလာသည့် သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်မှုနှင့် ရှေ့လုပ်ဆောင်ရမည်ဖြစ်သည့် ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများအတွက် ပြင်ဆင်ခြင်းတို့ကို အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာ့နိုင်ငံရေးသမိုင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးတည်ဆောက်မှု အတွေ့အကြုံများမှ သမိုင်းသင်ခန်းစာများဖော်ထုတ်ခြင်း၊ လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေကို ထင်ဟပ်စေမည့် မဟာဗျူဟာနည်းဗျူဟာများချမှတ်ခြင်းနှင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့်ထိန်းညှိမှုများဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်အစပြုခဲ့သည့် အစိကကျသော စိန်ခေါ်မှုမှာ မိမိတို့ တည်ဆောက်ရမည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်သည် ကမ္ဘာပေါ်တွင်ရရှိအောင်မြင်ခဲ့သော ငြိမ်းချမ်းရေး တည်ဆောက်မှုများထက် ပိုမိုခက်ခဲနိုင်သည်ဆိုသော စိန်ခေါ်မှုပင် ဖြစ်ပါသည်။ ထို့ကြောင့် မိမိအပါအဝင် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွင်းပါဝင်သော အဖွဲ့ဝင်များသည် နိုင်ငံတကာ အတွေ့အကြုံများကို သွားရောက်လေ့လာရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။ မိမိတို့အတွက် အထောက်အကူဖြစ်စေသော လေ့လာရေးခရီးစဉ်များကို နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ လက်တွေ့လေ့လာမှုများအနေဖြင့် မြောက်အိုင်ယာလန် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်ကို သွားရောက်လေ့လာခဲ့ပါတယ်။ တစ်ဖက်တွင် နိုင်ငံတကာ ပညာရှင်များ လာရောက်ကူညီဆောင်ရွက်ပေးသည့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဆွေးနွေးပွဲများကို မြန်မာနိုင်ငံအတွင်း ပြုလုပ်စေပြီး လေ့လာသင်ယူခဲ့ရပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်ထွန်းမှု နှင့်ပတ်သက်သော ကိစ္စရပ်များတင်ပြနိုင်ရန် နိုင်ငံတကာကွန်ဖရင့်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများကိုလည်း အစဉ်လိုက်စေလွှတ်နိုင်ခဲ့ပါတယ်။ မိမိတို့နိုင်ငံ၏

ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကိုယ်တိုင်ကိုယ်ကျလာရောက်ကြည့်ရှုသော နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာ NGO များ၊ နိုင်ငံတကာ ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိုင်းရှင်းလင်းရေးအဖွဲ့များမှ ကိုယ်စားလှယ်အသီးသီးအားလည်း လက်ခံတွေ့ဆုံရှင်းပြခဲ့ရပါတယ်။ လာရောက်ခဲ့သော ကိုယ်စားလှယ်များမှာ အဆင့်မြင့်ပုဂ္ဂိုလ်များပါဝင်သလို ကျွမ်းကျင်ပညာရှင်များအထိ အဆင့်ဆင့်ပါဝင်ခဲ့ပါသည်။ နိုင်ငံတကာမီဒီယာမှလည်း မကြာခဏလာရောက်တွေ့ဆုံမှုများလည်းရှိခဲ့ပါသည်။ ထို့အပြင် ထင်ရှားကျော်ကြားသော လူပုဂ္ဂိုလ်များလည်း လာရောက်တွေ့ဆုံမှုများရှိခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ဒီမိုကရေစီအရေးတည်ဆောက်မှုများ၏ အဓိက အစိတ်အပိုင်းတစ်ရပ် ဖြစ်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို နိုင်ငံတကာ၏ အလေးအနက်အားပေး ထောက်ခံမှုကိုလည်းရရှိလျက်ရှိပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များစတင်ပြီး မကြာမီမိမိအစိုးရ၏ မိတ်ရင်းဆွေရင်းနိုင်ငံဖြစ်သည့် နော်ဝေနိုင်ငံ၏ အားပေးထောက်ခံမှုမှာ အစောဆုံးနှင့် အထိရောက်ဆုံးဖြစ်ပါသည်။ နော်ဝေနိုင်ငံသည် နိုင်ငံရေးအရ အားပေးထောက်ခံသည် သာမက ဗြိတိန်၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ အမေရိကန်၊ ဂျပန်၊ ဥရောပ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းတို့ပါဝင်သော Peace Donor Support Group ကို ဦးဆောင်ဖွဲ့စည်းပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများကို အထောက်အကူပေးရန် ပြင်ဆင်ခဲ့ပါသည်။ နိုင်ငံတကာ သုတေသနအဖွဲ့အစည်းများ၊ Think Tank များ၊ တက္ကသိုလ်များ၊ ငြိမ်းချမ်းရေးတည်ဆောက်သည့် အဖွဲ့အစည်းများကလည်း လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးခဲ့ပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များလက်မှတ်ရေးထိုးခြင်း၊ မျှားမကြာမီကာလတွင် KIO နှင့် တရားဝင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရေးထိုးရန်ရှိပါသည်။ ထိုကဲ့သို့ရေးထိုးပြီးပါက လွတ်လပ်ရေးရရှိချိန်မှစ၍ မိမိတို့မြန်မာနိုင်ငံရေးသမိုင်းတွင် ပထမဦးဆုံးအကြိမ် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲပြီး လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်သည့် အခွင့်အလမ်းများပေါ်ပေါက်လာမည်ဖြစ်ပါသည်။ သင့်တော်သည့်ကာလတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးစီးကျင်းပမည့် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရေးထိုးခြင်းကို နေပြည်တော် တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အထက်ပါလက်မှတ်ရေးထိုးပွဲကို သမိုင်းဝင်

မှတ်တမ်းတင်နိုင်ရုံ သာမကယုံကြည်မှုတည်ဆောက်ရေးခိုင်မာရန် မိမိတို့နိုင်ငံ၏ အစိုးရခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ တပ်မတော်မှခေါင်းဆောင်များနှင့် ကဏ္ဍအသီးသီးမှသက်သေများနှင့် ကိုယ်စားလှယ်များပါဝင်သော ကျယ်ပြန့်သည့်လက်မှတ်ရေးထိုးမှုအဖြစ် ပြုလုပ်ရန်စီစဉ်လျက်ရှိပါသည်။ နိုင်ငံရေးအကောင်အထည်ဖော်မှုအနေဖြင့် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို မတရားအသင်းမှ ကင်းလွတ်ခွင့်ပြုခြင်းကိုလည်း ကြေညာနိုင်မည်ဖြစ်ပါသည်။ Peace Donor Support Group မှဦးဆောင်၍ မြန်မာနိုင်ငံငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရများ၊ အလှူရှင်များ၊ အဖွဲ့အစည်းများမှ မည်သို့မည်ပုံထောက်ပံ့ပေးမည်ဆိုသည့် ကတိကဝတ်များပြုသည့် ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ကျင်းပနိုင်မည်ဖြစ်ပါသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကိုအခြေခံပြီး တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံရေးအဖွဲ့အစည်းများအစပြုနိုင်ရန် နိုင်ငံတော်၏ရပ်တည်ချက်နှင့် အခြေခံမူများကို သမ္မတကြီးအနေဖြင့် အခြေပြုမိန့်ခွန်းပြောကြားနိုင်မည်ဖြစ်ပါသည်။ ထိုပြောကြားချက်များကိုအခြေခံ၍ နိုင်ငံရေးခေါင်းဆောင်အသီးသီးကလည်း မိမိတို့၏ရပ်တည်ချက်များကို ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေးဆွေးနွေးမှုများကျင်းပပြုလုပ်ရန် ရည်ရွယ်ထားသော မြန်မာနိုင်ငံငြိမ်းချမ်းရေးညီလာခံတို့ကို အထောက်အကူပြုရန် လိုအပ်မည့်ပညာရပ်ပိုင်းဆိုင်ရာ ဆွေးနွေးပွဲများ၊ ကွန်ဖရင့်များ၊ လူထုအစည်းအဝေးများနှင့် လူထုလှုပ်ရှားမှုများကို ဟန်ချက်ညီညီလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုင်းပြည်ပြန်လည်တည်ဆောက်ခြင်း (State Building) နှင့် အမျိုးသားရေးပြန်လည်တည်ဆောက်ခြင်း၊ (Nation Building)တို့၏အစဖြစ်ပါသည်။ ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မှသာ တိုင်းပြည်ပြန်လည်တည်ဆောက်ခြင်း (State Building) နှင့် အမျိုးသားရေးပြန်လည်တည်ဆောက်ခြင်း၊ (Nation Building)တို့ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်းတင်ပြအပ်ပါသည်။ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့ ဥပဒေတွေနဲ့အညီ ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ ဒီတိုင်းရင်းသားတွေကို စတင်မဆွေးနွေးမီကတည်းက နိုင်ငံတော်ကခွဲမထွက်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာရေးဆိုတဲ့ကတိကိုစတင်ပြီး တောင်းခံခဲ့ပါတယ်။ အဲ့ဒီလိုတောင်းခံပြီးလို့ ကတိနှစ်ခုရမှာသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စတင်ဆွေးနွေးခဲ့ပါတယ်။ ယခုအခါမှာဆိုလို့ရှိရင် ပြည်နယ်အဆင့်စာချုပ် ၁၇ ခု၊ ပြည်ထောင်စု

အဆင့်စာချုပ် ၁၈ ခုလက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ အကယ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးတဲ့အခါမှာ အောက်ပါပုဂ္ဂိုလ်များပြန်လည်ရောက်လာကြမှာဖြစ်ပါတယ်။ အားလုံး လက်နက်ကိုင်အင်အားပေါင်း ၁ သိန်းလောက်ရှိပါတယ်။ နောက်ပြီးတော့ Refugees အားလုံး ၃ သိန်းခွဲရှိပါတယ်။ IGT ၄ သိန်း ၆ သောင်းရှိပါတယ်။ သူတို့နဲ့ဆက်သွယ်နေတဲ့ **Migrant Worker** အင်အား ၂ သန်းခန့်ရှိပါတယ်။ သူတို့ပြန်လာတဲ့အခါမှာနိုင်ငံတော်အစိုးရအနေနဲ့ သူတို့နေရာမှာ မိုင်းရှာဖွေပေးရမှာဖြစ်ပါတယ်။ သူတို့နေထိုင်ဖို့အတွက် အဆောက်အဦများဆောက်လုပ်ပေးရမှာ ဖြစ်ပါတယ်။ သူတို့အတွက် လုံလောက်တဲ့စားနပ်ရိက္ခာဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရုံနဲ့မရပါဘူး။ သူတို့ကိုအလုပ်အကိုင်တွေရှာဖွေပြီးကာမှ လမ်းကြောင်းအမှန်ပေါ်မှာ ပြန်ပြီးတင်ပေးရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေအားလုံးကို ကျွန်တော်တို့ကဆောင်ရွက်ရမှာဖြစ်ပါ တယ်။ နိုင်ငံတော်အစိုးရရဲ့အားနဲ့ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးအကန့်အသတ်အများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကိုဆောင်ရွက်နိုင်ရန်အတွက် NGO, INGO များ၊ နိုင်ငံတကာအကူအညီများကို ရယူသွားနိုင်ရန်အတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ အခု လွှတ်တော်ကိုလာတဲ့အခါမှာလည်း တိုင်းရင်းသားကိုယ်စားလှယ်တွေကနေမေးတာရှိပါတယ်။ အဲ့ဒါကိုလည်းတစ်ဆက်တည်း တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်မှတ်ရေးထိုးရန်ကျန်ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရှိပါတယ်။ အဲ့ဒီအဖွဲ့ကတော့ နောက်ဆုံးအဆင့် KIO နှင့် လက်မှတ်ရေးထိုးဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် အဖွဲ့အငယ်များဖြစ်တဲ့ TALA လို့ခေါ်တဲ့ ပလောင်အဖွဲ့ နောက် LDU လို့ခေါ်တဲ့ လားဟူအဖွဲ့ ၂ ဖွဲ့ကျန်ပါတယ်။ အဲ့ဒီ TALA အဖွဲ့ကိုလည်း ဒီမှာ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဦးမောင်မောင်ဆွေက ဦးဆောင်ပြီးတော့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့နဲ့ ဆက်သွယ်ဆောင်ရွက်လို့ရတဲ့အခါမှာ ဒီပလောင်အဖွဲ့ နဲ့လည်း အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ ဗဟိုကော်မတီများကို ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့က ဖွဲ့စည်းခဲ့ပါတယ်။ ဗဟိုကော်မတီမှာတော့ သမ္မတကြီးဦးစီးပြီး အဖွဲ့ဝင်များအားလုံးပါဝင်ပါတယ်။ လုပ်ငန်းကော်မတီမှာတော့ ဒုတိယသမ္မတကြီး ဒေါက်တာစိုင်းမောက်ခမ်းဦးစီးပြီးတော့ တပ်မတော်အဖွဲ့က ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးစီးတဲ့တိုင်းမှူး ၁၁ ဦးပါပါတယ်။ လွှတ်တော်အဖွဲ့မှာ ဦးသိန်းဇော် ဦးစီးတဲ့ လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးပါပါတယ်။ အစိုးရအဖွဲ့မှာတော့ ဝန်ကြီးဦးအောင်မင်း ဦးစီးတဲ့အဖွဲ့ ၈ ဦးပါပါတယ်။

သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ၁၀ ဦးပါပါတယ်။ ဒုတိယဝန်ကြီး ၁ ဦး ပါပါတယ်။ ဒုတိယရှေ့နေချုပ်ပါပါတယ်။ သမ္မတရုံးဝန်ကြီးဌာန ညွှန်ချုပ်မှ အတွင်းရေးမှူးတာဝန်ယူပါတယ်။ စုစုပေါင်း ၅၂ ဦးနဲ့ ဖွဲ့စည်းပြီးတော့မှ ကျွန်တော်တို့ဆောင်ရွက်တဲ့ ကိစ္စရပ်တွေကိုအဖွဲ့နဲ့ပဲ ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဟာ နိုင်ငံတော်အပေါ် ယုံကြည်မှုရှိလာ၍ ငြိမ်းချမ်းရေး၊ ဖော်ဆောင်ရေးလုပ်ငန်းစဉ်များမှာပါဝင်လာတာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ကို အမြန်ဆုံးတက်လှမ်းရန်လိုအပ်ပါတယ်။ နိုင်ငံရေးအဆင့်ဆွေးနွေးပွဲများကိုလည်း လွှတ်တော်မှာ ဦးစီးပြီးကျင်းပရန်အတွက် ဒီကိစ္စတွေအားလုံးကို နိုင်ငံတော်အစိုးရကနေ လွှတ်တော်ကို တင်ပြပြီးတော့ လွှဲပြောင်းပေးအပ်သွားမှာဖြစ်ပါတယ်။ အဲ့ဒီအပစ်အခတ် ရပ်စဲရေးအဆင့်နှင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့် နှစ်ခုကြားကာလမှာ တိုင်းရင်းသားနယ်မြေဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်၍ ယုံကြည်မှုကိုခိုင်မာအောင်တည်ဆောက်ရမှာဖြစ်ပါတယ်။ ထိုအဆင့်များကို ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပါက နောက်ကြောင်းပြန်လှည့်တတ်တဲ့ အစဉ်အလာများလည်းတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များဟာ အခြားနိုင်ငံများရဲ့ဖြစ်စဉ်များထက် ပိုမိုရှုပ်ထွေးပြီး ပိုမိုအခက်အခဲ ပိုမိုပြီးတော့စိန်ခေါ်မှုများရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ မိမိတို့ လုပ်ငန်းကော်မတီအနေနဲ့ နိုင်ငံတော်အစိုးရချမှတ်ပေးထားတဲ့ မူဝါဒ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လိုက်နာဆောင်ရွက်ပြီးတော့မှ နိုင်ငံတော်ရဲ့ပေးအပ်တဲ့တာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းကိုတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နော်ဝေနိုင်ငံ အော်စလိုမြို့မှာ ပြုလုပ်ကျင်းပခဲ့တဲ့ ငြိမ်းချမ်းရေးဆိုင်ရာ Oslo Forum တက်ရောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များတော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံနိုင်ကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးခင်ရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နော်ဝေနိုင်ငံ အော်စလိုမြို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ ရက် ၁၉ ရက်နေ့များမှာ

ပြုလုပ်ခဲ့တဲ့ Oslo Forum ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်၊ အစိုးရအဖွဲ့ရဲ့ကိုယ်စားလှယ်အဖြစ် ဖိတ်ကြားခံရတဲ့အတွက်ကြောင့် တက်ရောက်ခဲ့ရပြီးတော့ တက်ရောက်ခဲ့မှုအခြေအနေများကို အခုလိုရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ အချို့ခေါင်းစဉ်များ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားတာဖြစ်တဲ့အတွက်ကြောင့် ဒီအတိုင်းပဲဖတ်ကြား ရှင်းလင်းခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံကြိုတင် တင်ပြခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော်နဲ့အတူ တပ်မတော်ကိုယ်စားလှယ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီး လှဌေးဝင်း ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် မြန်မာ့ငြိမ်းချမ်းရေးစင်တာမှ ဦးအောင်နိုင်ဦးတို့လည်းအတူ တက်ရောက်ခဲ့ကြပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဘက်မှ KNU အဖွဲ့အစည်းမှ အထွေထွေ အတွင်းရေးမှူးဖြစ်သူ ဖဒိုကွယ်ထူးဝင်းနှင့် မွန်အမျိုးသမီးရေးရာအဖွဲ့ဝင် မိကွန်ချမ်းမွန်တို့လည်း ဤ Forum ကိုတက်ရောက်ခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။ ဒီ Forum ကို နိုင်ငံပေါင်း ၁၄၀ မှ ကိုယ်စားလှယ်ပေါင်း ၂၀၁ ဦးတက်ရောက်ခဲ့ပြီး ကိုယ်စားလှယ်တွေဟာ နိုင်ငံအသီးသီးမှ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် ကြားဝင်ဆောင်ရွက်ပေးခဲ့ကြတဲ့ပုဂ္ဂိုလ်များ ပဋိပက္ခနယ်မြေအသီးသီးမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာပါဝင်ခဲ့ကြတဲ့ လေ့လာသူအဖွဲ့အစည်းများမှပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ဒီ Forum ကို နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Humanitarian Dialogue Centre လို့ HD Centre မှ ပူးတွဲပြီး ကမကထပြုလုပ်ခဲ့တဲ့ အစီအစဉ်ဖြစ်ပါကြောင်းလည်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အစည်းအဝေးကာလအတွင်းမှာ သီးခြားအဖြစ် နော်ဝေနိုင်ငံခြားရေးဝန်ကြီး၊ နော်ဝေ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှစ်ဦး၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီး ဌာနမှတာဝန်ရှိသူများ၊ ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ICJ ဥက္ကဋ္ဌ၊ နော်ဝေနိုင်ငံခရစ်ယာန် ဂိုဏ်းချုပ်ဟောင်းနှင့် နိုဘယ်ဆုချီးမြှင့်ရေးကော်မတီဝင်၊ ဖိလစ်ပိုင်သမ္မတရဲ့ ငြိမ်းချမ်းရေး အကြံပေးဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ MILF ငြိမ်းချမ်းရေးအဖွဲ့ကြားဝင်ဆောင်ရွက်ပေးသူများ၊ မလေးရှားနိုင်ငံ ထောက်လှမ်းရေးမှူးချုပ်ဟောင်း၊ ပါကစ္စတန်အခြေစိုက် ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Ulema and Mashaikh Council မှ ဥက္ကဋ္ဌများ၊ OIC အဖွဲ့အစည်းမှ အကြီးအကဲများ၊ နော်ဝေအခြေစိုက်နှင့် စင်္ကာပူအခြေစိုက် HD Centre မှ အကြီးအကဲများ၊ ကုလသမဂ္ဂမှ မစ္စတာ ဗွီဂျေနမ်ဘီးယား၊ အမေရိကန်နိုင်ငံအခြေစိုက် အမျိုးသမီးရေးရာအဖွဲ့မှ ပုဂ္ဂိုလ်များ၊ အယ်ဂျာဇီးယားသတင်းဌာန စသည့်ပုဂ္ဂိုလ်များနဲ့ အလွတ်သဘောတွေ့ဆုံပြီး အတွေ့အကြုံဖလှယ်ခြင်း၊ သိလိုသည်များမေးမြန်းခြင်း၊ မေးမြန်းသမျှကိုဖြေကြားခြင်းများကိုလည်း တစ်ပါတည်းဆောင်ရွက်ခဲ့ပါကြောင်းတင်ပြအပ်ပါ

တယ်။ Oslo Forum ကျင်းပနေစဉ်ရက်များအတွင်းမှာ တစ်ပြိုင်တည်းပဲ အဖွဲ့ခွဲပြီးကျင်းပလျက်ရှိတဲ့ Section များကို အုပ်စုခွဲပြီးတက်ရောက်ခဲ့ပါတယ်။ အဖွဲ့ခွဲ တက်ရောက်ခဲ့တဲ့ Section များအနေနဲ့ ကိုလံဘီယာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်များ ဆောင်ရွက်နေမှု၊ ပဋိပက္ခဖြေရှင်းရေးတွင် အထူး ကိုယ်စားလှယ်များအခန်းကဏ္ဍ၊ မာလီငြိမ်းချမ်းရေးဖြစ်စဉ်၊ အယ်ဆာဗေးဒိုးတွင် ဒုစရိုက်ဂိုဏ်းများနဲ့ ညှိနှိုင်းရယူနေရသည့်ကိစ္စ၊ ပဋိပက္ခဖြေရှင်းရေးတွင် ဘာသာရေးအခြေခံဖြေရှင်းရသည့်အခန်းကဏ္ဍ၊ ဆီးရီးယားနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် လက်ရှိဆောင်ရွက်နေမှု၊ နောက်ဆုံးဖြစ်ရပ်များ၊ ဘရာဇီးနှင့် နော်ဝေနိုင်ငံတို့မှ ငြိမ်းချမ်းရေးဖော်ဆောင်ခဲ့သည့်ပုဂ္ဂိုလ်များနဲ့တွေ့ဆုံမေးမြန်းခြင်း ကဏ္ဍစသည်များကိုလည်း အဖွဲ့ခွဲတက်ရောက်ခဲ့ပြီးတော့ သူတို့နိုင်ငံ၊ သူတို့ဒေသတွေမှာ ငြိမ်ချမ်းရေး ဖော်ဆောင်မှုအဆင့်ဆင့်ကို မိမိနိုင်ငံအခြေအနေနဲ့ ဆက်စပ်ချိန်ထိုးသုံးသပ်နိုင်ခဲ့ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒီ Forum အစီအစဉ်မှာ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရှင်းလင်းပြောဆို နိုင်ဖို့အတွက် Myanmar's Peace Process at a Critical Juncture ခေါင်းစဉ်နဲ့ သီးခြား အစီအစဉ်တစ်ခုကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။ ၎င်းအစီအစဉ်မှာ ဒေါက်တာသန်းမြင့်ဦးက Moderator အဖြစ်ဆောင်ရွက်ပြီး တော့ Panellists များအဖြစ်၊ အစိုးရ ကိုယ်စားလှယ်အဖြစ် ကျွန်တော်မှလည်းကောင်း၊ KNU အဖွဲ့အစည်းမှ အထွေထွေအတွင်းရေးမှူး ဖဒိုကွယ်ထူးဝင်းမှလည်းကောင်း၊ မွန်အမျိုးသမီးရေးရာတာဝန်ခံ မိကွန်ချမ်းမွန်မှလည်းကောင်း၊ ကုလသမဂ္ဂမှ မစ္စတာဗီဂျေနမ်ဘီးယားတို့မှလည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ကြပါတယ်။ အထူး ဧည့်သည်အဖြစ် တပ်မတော်ကိုယ်စားလှယ်အဖြစ်တက်ရောက်လာသူ ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းအား ဖိတ်ကြား၍တက်ရောက်စေခဲ့ပါတယ်။ နိုင်ငံတကာ မှ ဤ Forum သို့လေ့လာသူ ၅၀ ကျော်ခန့် တက်ရောက်ပြီး အချိန် ၂ နာရီခန့်ယူ၍ ရှင်းလင်းခြင်းနှင့် အမေးအဖြေကဏ္ဍများပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျွန်တော်မှ အောက်ပါအတိုင်းအဆင့်ဆင့် ရှင်းလင်းတင်ပြခဲ့ပါကြောင်း အကျဉ်းချုပ်တင်ပြအပ်ပါ တယ်-

(က) အစိုးရအဖွဲ့သစ်စတင်တာဝန်ယူစဉ်ကာလအတွင်း နိုင်ငံတော်မှ အမျိုးသားရင်ကြား စေ့ရေး လုပ်ငန်းစဉ်ကို ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်၍ အဆင့်ဆင့်သောငြိမ်းချမ်း ရေး ဖိတ်ခေါ်စတင်ဆောင်ရွက်ခဲ့မှုအခြေအနေများ

(ခ) နိုင်ငံတော်ကချမှတ်ထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့် ၃ ဆင့်

(ဂ) နိုင်ငံတော်သမ္မတ ဦးဆောင်ပါဝင်သော အဖွဲ့ဝင် ၁၁ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် ဒုတိယသမ္မတဦးစီးသော အစိုးရကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဝင် ၅၂ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်ထားမှုနှင့် အဆင့်ဆင့်သောလုပ်ငန်းတာဝန်ဆောင်ရွက်နေမှုအခြေအနေများ၊

(ဃ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၃ ဖွဲ့အနက် ၁၂ ဖွဲ့ဖြင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာသဘောတူညီမှုရရှိပြီးဖြစ်သည့်အခြေအနေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း ဦးဆောင်၍လက်ကျန်အဖွဲ့တစ်ဖွဲ့ဖြစ်သော KIA, KIO ဖြင့် ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့ မြစ်ကြီးနားမြို့တွင်တွေ့ဆုံဆွေးနွေးမှုနှင့် ကြေညာချက် ၇ ရပ်ထုတ်ပြန်နိုင်မှုနှင့် ထွက်ပေါ်လာသောရလဒ်ကောင်းများအခြေအနေ၊

(င) မြန်မာ့ငြိမ်းချမ်းဗဟိုဌာန (Myanmar Peace Centre) တည်ဆောက်ထားရှိမှုနှင့်အဆင့်ဆင့်သောလုပ်ငန်းတာဝန်များဆောင်ရွက်မှုအခြေအနေ၊

(စ) ကျွန်တော်ပါဝင်ဆောင်ရွက်နေသော ကရင်ပြည်နယ် KNU အဖွဲ့အစည်းနဲ့ ယုံကြည်မှုတည်ဆောက်ထားရှိမှုအခြေအနေနှင့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုဆိုင်ရာလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခဲ့နေမှုနှင့် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ အချုပ်အားဖြင့်မြန်မာနိုင်ငံရဲ့ဒီမိုကရေစီလူ့အခွင့်အရေးဖော်ဆောင်သွားလာရာလမ်းကြောင်းပေါ်မှာ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များလုပ်ကိုင်နေမှုအတွက် အပြုသဘောဆောင်သော ကူညီပံ့ပိုးထောက်ပံ့မှုများပြုလုပ်ပေးစေလိုသည့်ကဏ္ဍစသည်များကို အကျယ်တဝင့်ရှင်းလင်းပြောဆိုခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။

KNU အဖွဲ့အစည်းမှ ဖဒိုကွယ်ထူးဝင်းမှလည်း ၎င်းတို့၏သမိုင်းအကျဉ်း၊ နိုင်ငံတော်အစိုးရနှင့်ယုံကြည်မှုတည်ဆောက်နေမှုအခြေအနေ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဆင့်ဆင့်၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မြေပြင်ရှိနှစ်ဖက်တပ်များလိုက်နာရန်ကျင့်ဝတ်များရေးဆွဲနေမှုအခြေအနေ၊ ကရင်ဘာသာစကားသင်ကြားနေမှုစသည့်အခြေအနေများစတာတွေကို ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။ မွန်အမျိုးသမီးရေးရာတာဝန်ခံ မိကွန်ချမ်းမွန်မှ မွန်ပြည်နယ်အတွင်း အမျိုးသမီးရေးရာလုပ်ငန်းများ

ဆောင်ရွက်နိုင်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ အမျိုးသမီးများပါဝင်ဆောင်ရွက်ခွင့်ရနေမှုစသည့် ကိစ္စရပ်များကိုလည်း အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကုလသမဂ္ဂကိုယ်စားလှယ်ဖြစ်သူ မစ္စတာ ဗီဂျေနမ်ဘီးယားမှ အစိုးရအဖွဲ့သစ်ကာလ အတွင်း အောင်မြင်လာသောပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လေ့လာသူအဖြစ် ၎င်းကိုယ်တိုင်တက်ရောက်ခဲ့ရမှုနှင့် ကိုယ်တိုင်မျက်မြင်လေ့လာတွေ့ရှိရမှုများ၊ အမှန်တကယ် အောင်မြင်ဖြစ်ထွန်းနေမှုများ၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်မှုများအပေါ် ထောက်ခံမှုစသည့်အခြေအနေများကို အကျယ်တဝင့်ပြောကြားခဲ့ကြောင်းတင်ပြအပ်ပါတယ်။

Moderator ပြုလုပ်သူ ဦးသန်းမြင့်ဦးမှ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာတပ်မတော်ရဲ့ပါဝင်ဆောင်ရွက်မှုနှင့် တပ်မတော်၏ရှေ့အလားအလာများကိုမေးမြန်းချက်အပေါ်မှာ တပ်မတော်ကိုယ်စားလှယ်အဖြစ်တက်ရောက်လာသူ ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်တိုင်းတွင် နိုင်ငံတော်အစိုးရနှင့်အတူ အပြည့်အဝပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ပဋိပက္ခနယ်မြေများတွင် လုံခြုံမှုထိန်းသိမ်းရေးသာမက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ပဋိပက္ခအုပ်စုများအကြား နားလည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအား ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ မြန်မာ့တပ်မတော်အား Standard Army အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ပြည့်ဝစွာထမ်းဆောင်နိုင်ရေး ရည်ရွယ်မျှော်မှန်း ဆောင်ရွက်နေမှုအခြေအနေများအား ဖြေကြားခဲ့ကြောင်းတင်ပြအပ်ပါတယ်။

၎င်းနောက် အမေးအဖြေကဏ္ဍမှာ လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်များမှာ အပစ်အခတ်ရပ်စဲရေးသည်အခြေခံအဆင့်ဖြစ်ပြီး ၎င်းအပစ်အခတ်ရပ်စဲရေးမကျိုးပေါက်စေရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကိုသိလိုပါကြောင်းဆိုတဲ့ အချက်ကိုမေးမြန်းခဲ့ပါတယ်။ ၎င်းမေးမြန်းချက်အပေါ်မှာ ကျွန်တော်မှ လက်ရှိကျွန်တော်ပါဝင်ဆောင်ရွက်နေတဲ့ ကရင်ပြည်နယ်မှာ ဆောင်ရွက်ခဲ့တဲ့အတွေ့အကြုံကိုပဲ မူတည်ဖြေကြားခဲ့ကြောင်းတင်ပြအပ်ပါတယ်။ ၎င်းအခြေအနေမှာ နိုင်ငံတော်မှ KNU အဖွဲ့အစည်းနဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်မှာ ပထမဦးစွာ ပုဂ္ဂိုလ်ရေးရင်းနှီးမှုဖြင့် အရှိန်မြှင့်ဆောင်ရွက်လာသည့် အခြေအနေ ဥပမာ KNU အဖွဲ့အစည်းမှ ခေါင်းဆောင်ပိုင်းဖြစ်သော ဗိုလ်ချုပ်ကြီး မူတူးဆေးဖော်၊ ဗိုလ်ချုပ်ကြီး စောဂျော်နီအပါအဝင် အားလုံးနဲ့စဉ်ဆက်မပြတ်ထိတွေ့

ဆက်ဆံခြင်းဖြင့် ပုဂ္ဂိုလ်ရေး ခင်မင်ရင်းနှီးမှုမှ တစ်စတစ်စယုံကြည်ခိုင်မာလာမှုသည် အပစ်အခတ်ရပ်စဲရေးမချိုးဖောက်စေရေးအတွက် အခြေခံကျသောအချက်ဟု ယုံကြည်ရသည့်ကိစ္စ၊ ၎င်းနောက် ကရင်ပြည်နယ်မှာ ဆက်ဆံရေးရုံး (Liasion Office) များဖွင့်လှစ်၍ မြေပြင်ပြဿနာများကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ညှိနှိုင်းဖြေရှင်းပေးခြင်းနည်းလမ်းဖြင့် အပစ်အခတ်ရပ်စဲရေးမကျိုးပေါက်အောင် ဖြေရှင်းနေသည့်ကိစ္စ၊ နောက်တစ်နည်းအနေဖြင့် မြေပြင်နှစ်ဖက်တပ်များလိုက်နာရမည့်ကျင့်ဝတ်များ (Code of Conduct for Both Military) အားလည်းကောင်း၊ ပဋိပက္ခဒေသများအတွင်း ပြည်သူများ အပေါ်စောင့်ထိန်းရမည့်ကျင့်ဝတ်များ (Code of Conduct for Civilion) အားလည်းကောင်း၊ ဆောင်ရန်ရှောင်ရန်အချက်များ အပါအဝင်ဖြင့် ညှိနှိုင်းရေးဆွဲနေကြသည့်ကိစ္စ၊ ၎င်းအပြင်ရေးဆွဲထားသော ၎င်း Code of Conduct အပေါ် နှစ်ဖက်တပ်များမှလိုက်နာမှုရှိ/မရှိ စဉ်ဆက်မပြတ်ကြပ်မတ်စိစစ်နိုင်ဖို့အတွက် ဒေသစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ Local Monitoring Team များ စုဖွဲ့ထားရှိမှုနှင့်စောင့်ကြည့်မှုအခြေအနေများအားလည်းကောင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနဲ့ပူးပေါင်း ဆောင်ရွက်မှုအခြေအနေများအားလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။

နောက်ထပ်မေးခွန်းတစ်ခုအနေနဲ့ ဒေသတွင်း မိုင်းရှင်းလင်းမှု (Di- Mining) ဆောင်ရွက်ပြီးစီးမှုနှင့် အကူအညီပေးလိုပါကြောင်း မေးမြန်းချက်အပေါ်မှာ ကျွန်တော်မှပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှ အပစ်အခတ်ရပ်စဲရေးအဆင့်၊ ပြန်လည်နေရာချထားရေးအဆင့်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအဆင့်ဟူ၍ ငြိမ်းချမ်းရေးသီအိုရီအရ အကြမ်းဖျင်းထားရှိတဲ့အဆင့်များအပေါ်မှာ ယခုအခါ အပြစ်အခတ်ရပ်စဲရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ မိုင်းရှင်းလင်းရေးအဆင့်အားတစ်ပြိုင်နက် ကူးပြောင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မိုင်းရှင်းလင်းရေးအဆင့်သည် အရေးကြီးဆောင်ရွက်ရမည့်ကိစ္စဖြစ်တဲ့အတွက်ကြောင့် အကူအညီပေးမည်ဆိုသည့်အပေါ် ကြိုဆိုဝမ်းသာပါကြောင်းစသည်ဖြင့် ပြန်လည်ပြောကြားခဲ့ကြောင်းတင်ပြအပ်ပါတယ်။

၎င်းနောက် မွတ်စလင်အဖွဲ့အစည်းများမှ ရခိုင်ပြည်နယ် ဘင်္ဂါလီမွတ်စလင်များနှင့် ဒေသခံရခိုင်တို့၏လက်ရှိဖြစ်ပွားနေသော ဘာသာရေးပဋိပက္ခသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်နိုင်မှုရှိ/မရှိမေးမြန်းရာ ကျွန်တော်မှပင်ဤကိစ္စ၏အစသည် ဘာသာရေးခွဲခြားမှုကြောင့် ဖြစ်ခဲ့ရသောကိစ္စမဟုတ်ပါကြောင်း ၂၀၁၂ ခုနှစ် မေလဖြစ်စဉ်သည် သာမန်ရာဇဝတ်မှုတစ်ခုမှ စတင်ခဲ့ပြီးလူအုပ်စုချင်းအပြန်အလှန်ကလဲ့စားချေရာမှ ဖြစ်ခဲ့ရသည့်ကိစ္စဖြစ်ကြောင်း၊ ဤရန်ငြိုးကြောင့်ပင်

အောက်တိုဘာလတွင် ဒုတိယအကြိမ် လူအုပ်စုနှစ်စုအကြား ပဋိပက္ခထပ်မံ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဤကိစ္စအပေါ် နိုင်ငံတော်မှဥပဒေနှင့်အညီ စနစ်တကျကိုင်တွယ်ဖြေရှင်းထားခဲ့ပြီးဖြစ်ကြောင်း မိမိအနေဖြင့် ဘင်္ဂါလီမွတ်စလင်များနှင့်လည်းကောင်း၊ ဒေသခံရခိုင် တိုင်းရင်းသားများဖြင့်လည်းကောင်း ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးမှုများပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးအခင်းကိစ္စအား စနစ်တကျစီမံဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ သီခြားလွတ်လပ်သောရခိုင်ကော်မရှင်တစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်သည်ကိုအသိ ဖြစ်ကြောင်း၊ ၎င်းအဖွဲ့မှအစီရင်ခံစာများလည်း ထုတ်ပြန်ပြီးဖြစ်ကြောင်း ၎င်းအပေါ်တွင်လက်တွေ့ ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယသမ္မတဦးဆောင်သော ရခိုင်ပြည်နယ်တည်ငြိမ်းအေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကိုလည်း ဖွဲ့စည်းထားရှိကြောင်း၊ လုပ်ငန်းကော်မတီ ၇ ခုဖြင့် ကဏ္ဍပေါင်းစုံမှကိုင်တွယ်ဖြေရှင်းနေကြောင်း၊ မိမိသည်ပင်လျှင် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီတွင်ပါဝင်ပါကြောင်း၊ မိမိကော်မတီမှာလည်း တည်ဆဲ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်ရေးလုပ်ငန်းစဉ်များကို တည်ဆဲဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျက်ရှိပါကြောင်း၊ ၎င်းဖြစ်စဉ်သည် မိမိတို့ဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ဆောင်ရွက်မှုအပေါ် မည်သို့မျှထိခိုက်မှုမရှိနိုင်ပါကြောင်း စသည်ဖြင့် ပြန်လည်ဖြေကြားခဲ့ကြောင်းတင်ပြအပ်ပါတယ်။

ဒီ Forum အတွင်းမှာ တွေ့ဆုံဆွေးနွေးမှုများအပေါ်မူတည်ပြီးတော့ ခြုံငုံသုံးသပ်ရရှိချက်များကို ကျွန်တော်အကျဉ်းမျှတင်ပြလိုပါတယ်။ ဒီ Forum ဟာ ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိတဲ့ Forum တစ်ခုဖြစ်ကြောင်းတွေ့ရှိသုံးသပ်တင်ပြအပ်ပါတယ်။ အစည်းအဝေးတက်ရောက်လာတဲ့ နိုင်ငံအားလုံးမှာ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များဟာ မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ အောင်မြင်မှုကိုဖော်ဆောင်မှုပြုနိုင်တယ်။ အများလက်ခံနိုင်ဖွယ်ရှိတယ်ဆိုတဲ့အကြောင်းကိုလည်း ဒီအစည်းအဝေးက မျက်မြင်တွေ့ရှိချက်များပေါ်မှာ သုံးသပ်ရရှိပါကြောင်းတင်ပြအပ်ပါတယ်။ ၎င်းအပြင် အစည်းအဝေးများမှာ လေ့လာသူအဖြစ်တက်ရောက်လာတဲ့ မစ္စတာဗီဂျေနမ်ဘီယားကဲ့သို့သော ကုလသမဂ္ဂကြားပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်ရဲ့လက်ရှိဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုများအပေါ်မှာ အခိုင်အမာရပ်တည်ပြောဆိုမှုများသည် အမှန်တကယ်ယုံကြည်ချက်ဖြင့် ပြောဆိုနေတဲ့အကြောင်း မျက်မြင်တွေ့ရှိရကြောင်းသုံးသပ်တင်ပြအပ်ပါတယ်။ ဤ Forum မှာ တပ်မတော်ကိုယ်စားလှယ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ KNU မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂမှ ကြားဝင်ဆောင်ရွက်ပေးသောပုဂ္ဂိုလ်များစသည့် ပါဝင်ပတ်သက်သူများအားလုံး စားပွဲတစ်ဝိုင်းတည်း

မှာတစ်ချိန်တည်း တစ်ပြိုင်တည်းမျက်မြင်တွေ့ရှိရပြီး တညီတညွတ်တည်းသော လေသံဖြင့်ပြောဆိုနေကြသည့်ဖြစ်စဉ်မျိုး အတိတ်ကာလက ဤကဲ့သို့တွေ့မြင်ရခြင်းမရှိကြောင်း တက်ရောက်လာသူများကပြောကြားကြပါတယ်။ ၎င်းဖြစ်ရပ်ဟာ နိုင်ငံတော်ရဲ့လက်ရှိဆောင်ရွက်နေသော တူညီမှုပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်အပေါ်မှာ အားလုံးကယုံကြည်စွာဖြင့်ပူးပေါင်းပါဝင်လက်ခံနေကြသည်ဆိုသည့် ပုံရိပ်ကိုဖော်ဆောင်ပြသရာရောက်နေပါကြောင်းလည်းသုံးသပ်တင်ပြအပ်ပါတယ်။

တပ်မတော်မှ ဗိုလ်ချုပ်ကြီး လှဒွေးဝင် ကဲ့သို့သော အဆင့်မြင့်အရာရှိတစ်ဦး ဤ Forum သို့ တက်ရောက်လာခြင်းသည် ပြင်ပမှတပ်မတော်အပေါ်စွပ်စွဲပြောဆိုနေသော ကောလဟာလများအားခြေဖျက်ပစ်ရာရောက်စေသည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ နိုင်ငံတော်၏အစီအမံအောက်တွင် တပ်မတော်မှ အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်နေသည်ဟူသောဖြစ်စဉ်အား သက်သေပြရာရောက်စေခဲ့ကြောင်းလည်း မျက်မြင်တွေ့ရှိသုံးသပ်တင်ပြအပ်ပါတယ်။ အဖွဲ့စုံ၊ ပုဂ္ဂိုလ်စုံဖြင့်တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတော်အဆင့်ငြိမ်းချမ်းရေးမဟာဗျူဟာစီမံချက်များရေးဆွဲ၍ အားလုံးပါဝင်သောစနစ်ဖြင့်ဆောင်ရွက်ရေးကိစ္စများအား လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော်တက်ရောက်ခဲ့သော Oslo Forum သည် အတွေ့အကြုံများစွာရပြီး နိုင်ငံအတွက်အကျိုးရှိတဲ့ကိစ္စဖြစ်ပါတယ်။ မိမိနိုင်ငံရဲ့ငြိမ်းချမ်းရေးဆောင်ရွက်မှုများဟာလည်း တစ်ကမ္ဘာလုံးမှာဆောင်ရွက်နေတဲ့အခြေခံသဘောတရားများနဲ့ သဘောသဘာဝတူညီပြီးတော့ အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ တပ်မတော်စသည့်အဖွဲ့အစည်းများ အားလုံးပေါင်းစပ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ခုအဖြစ် ပိုမိုပီပြင်စွာပေါ်ထွက်လာပါကြောင်း သုံးသပ်ရရှိတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အခုလို ရှင်းရှင်းလင်းလင်း ပွင့်ပွင့်လင်းလင်း တင်ပြပေးတဲ့အတွက် ကျွန်တော်အပါအဝင်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာတဲ့သူများ ကြားသိရခြင်းဖြင့် အင်မတန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြမှာပါ။ ဒီလိုဖြစ်ပေါ်လာဖို့အတွက် အခြေအနေလေးကို ကျွန်တော်ပြန်ပြီးတင်ပြပါမယ်။ ဇွန်လ ၂၅ ရက်နေ့တုန်းက နိုင်ငံတော်သမ္မတကြီးထံ ကျွန်တော် သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့ပါတယ်။ အကြောင်းအရာကတော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး အမြန်ဆုံး ခေါ်ယူပေးနိုင်ရေး (၁) နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိ

ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ (၂) သို့ရာတွင် အချို့သောအဖွဲ့အစည်းများနှင့် ဆွေးနွေး ညှိနှိုင်းသည့်ကိစ္စရပ်များတွင် အောင်မြင်မှုများ ရရှိခဲ့သော်လည်း အချို့သောကိစ္စရပ်များတွင် မလိုလားအပ်သောကိစ္စရပ်များနှင့် ဘေးထွက်ဆိုးကျိုး များ ဖြစ်ပေါ်လာနိုင်ကြောင်း ပြည်သူများအတွင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှ တင်ပြ လာမှုများရှိနေခဲ့ပါသည်။ (၃) အဆိုပါ ကိစ္စရပ်များအား အလေးအနက်ထားဆွေးနွေးရန် လိုအပ် ပါသဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးအား အမြန်ဆုံးခေါ်ယူကျင်းပ ပေးနိုင်ပါရန် သဝဏ်လွှာပေးပို့ပါသည်ဆိုပြီးတော့ ဇွန်လ ၂၅ ရက်နေ့က ကျွန်တော်သမ္မတကြီးထံ ပေးပို့ခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ခုနက ကျွန်တော်ဖတ်ခဲ့တဲ့ သမ္မတကြီးရဲ့သဝဏ်လွှာ ရောက်ရှိခဲ့ပါတယ်။ အပိုဒ် (၁)၊ အပိုဒ် (၂)ကတော့ ဒီနေရာမှာ ဖော်ပြဖို့ မသင့်သေးတဲ့အတွက် အပိုဒ်(၃) ကိုပဲ အခုဦးအောင်မင်း၊ ဦးခင်ရီတို့ လာရောက်ရှင်းပြတဲ့အကြောင်းကိုပဲ ကျွန်တော်ဖော်ပြ ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မကြာသေးခင်က အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကို ကိုရောက်ရှိခဲ့ပါတယ်။ ရောက်ရှိတဲ့အခါမှာ နောက်ဆုံး မြန်မာနိုင်ငံကို ပြန်လည်မထွက်ခွာမီ နောက်ဆုံး အစီအစဉ်အဖြစ် အာရှဖောင်ဒေးရှင်းကို ကျွန်တော်ရောက်ခဲ့ပါတယ်။ အဲ့ဒီမှာ ဆွေးနွေးပွဲတွေကျင်းပ ပြီးတဲ့အခါမှာ တက်ရောက်လာတဲ့သူများ မေးခွန်းများမေးမြန်းခဲ့ပါတယ်။ အဲ့ဒီမေးမြန်းမှုကတော့ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံမှာ ပြုလုပ်နေတယ်။ ဥက္ကဋ္ဌကြီးလွှတ်တော် က ဘာတွေများလုပ်နေပါသလဲဆိုတဲ့ မေးခွန်းမေးပါတယ်။ မေးတဲ့အခါမှာ ကျွန်တော်တို့လွှတ်တော်က လွှတ်တော်နဲ့ဆိုင်တဲ့အပိုင်းတွေ ဆောင်ရွက်နေပါတယ်။ ပြီးရင် လက်တွေ့ဆောင်ရွက်နေကြတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း ကော်မတီများရဲ့ ဆောင်ရွက်မှုများကို ကျွန်တော်တို့စောင့်ကြည့် နေပါတယ်။ လွှတ်တော်နှင့်ဆိုင်တဲ့အပိုင်းမှာ လွှတ်တော်ကဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် ဆိုပြီးတော့ ဒီလိုဖြေခဲ့ပါတယ်။ နောက်ဆုံးနေရာမှာ နောက်ဆုံးတွေ့ဆုံမှုဖြစ်ပြီးတော့ ကျွန်တော်ဖြေခဲ့တဲ့ အဖြေဟာ နောက်ဆုံးအဖြေပဲဖြစ်ပါတယ်။ အဲ့ဒီတော့ဒီနေ့ ပြည်ထောင်စုဝန်ကြီးများ တင်ပြသွားသလို ငြိမ်းချမ်းရေးကို ကျွန်တော်တို့နိုင်ငံမှာရှိကြတဲ့ နိုင်ငံသားအားလုံးလိုလားကြပါတယ်။ နိုင်ငံသားအားလုံး လို့ပြောတဲ့အတွက် တိုင်းရင်းသားရော၊ နိုင်ငံသားများအားလုံးကိုဆိုလိုပါတယ်။ ဒါကြောင့်လည်း ပြည်သူများကို ကိုယ်စားပြုထားတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ငြိမ်းချမ်းရေး ကို လိုလားသလို ငြိမ်းချမ်းရေးရရှိရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့

သူ့ကဏ္ဍနှင့်သူ ကြိုးစားဆောင်ရွက် လျက်ရှိကြောင်း အားလုံးအသိပင်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်မှာ နိုင်ငံရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကကျတဲ့ကော်မတီဖွဲ့စည်းထားပါတယ်။ ဒါတွေက နံပါတ် (၁) ပြောမယ်ဆိုရင် ကျွန်တော်အခုတင်ပြတာ နိုင်ငံရေး၊ လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်တဲ့ ကော်မတီများ အကြောင်းပဲဖြစ်ပါတယ်။ ကျန်တဲ့ကော်မတီများကလည်း သူ့ကဏ္ဍနှင့်သူ အားလုံးအရေးကြီးတဲ့ကော်မတီများဖြစ်ပါတယ်။ နံပါတ် (၁) ကော်မတီကတော့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဖော်ဆောင်မှုကော်မတီ၊ ဥက္ကဋ္ဌအဖြစ် ဦးဌေးဦး တာဝန်ယူပါတယ်။

ဒုတိယတစ်ခုကတော့ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ ဥက္ကဋ္ဌအဖြစ် ဦးသိန်းဇော် တာဝန်ယူပါတယ်။ ဒီကော်မတီထဲမှာ တိုင်းရင်းသားအများစု တိုင်းရင်းသားအားလုံးပါပါတယ်။ နောက် ကော်မတီတစ်ခုကတော့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ဒီကော်မတီကို ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒီကော်မတီရဲ့လုပ်ငန်းတာဝန်များကို ပြန်လေ့လာမယ်ဆိုရင် အခုကျွန်တော်တို့ ဒီနေ့ တကယ်ကို လူတိုင်းလူတိုင်း တောင့်တနေတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အလိုအပ်ဆုံးသော ကော်မတီများဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ ပထမပုံမှန်အစည်းအဝေး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတုန်းက ဖေဖော်ဝါရီလ ၂၅ ရက် နေ့မှာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြချက်ထဲမှာ ငြိမ်းချမ်းရေးနှင့်ပတ်သက်လို့ တင်ပြချက်တစ်ခု ပါတာမှတ်မိပါလိမ့်မယ်။ ငြိမ်းချမ်းရေးဆောင်ရွက်တဲ့နေရာမှာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး။ ဒါကြောင့်မို့လို့ လိုအပ်မယ်ဆိုလို့ရှိရင် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်ဖို့လိုကောင်းလိုလိမ့်မယ်။ ကျွန်တော်ဒီလိုတင်ပြခဲ့ပါတယ်။ ဘာလို့တင်ပြရလဲ ဆိုရင် ကျွန်တော်တို့သွားတဲ့စနစ်က ဥပဒေအရဆောင်ရွက်ကြရမှာပါ။ ဥပဒေသတ်မှတ်ပြီးပြီ ဆိုလို့ရှိရင် ဒီဥပဒေသတ်မှတ်ချက်အတိုင်း သက်ဆိုင်သူများအားလုံး လိုက်နာကြရလိမ့်မယ်။ မလိုက်နာရင် ဥပဒေကို ဖောက်ဖျက်တယ်။ ဥပဒေကိုကျူးလွန်တယ်။ ဥပဒေကိုဖောက်ဖျက်တဲ့ ဥပဒေ ကျူးလွန်တဲ့အတွက် ဥပဒေကပေးသော အပြစ်ကိုခံယူရမယ်ဆိုတဲ့အထိတွက်ဆပြီးတော့ ကျွန်တော် တင်ပြခဲ့တာရှိပါတယ်။ ဒီလိုပဲ ခုနက တင်ပြသွားပါတယ်။ ငြိမ်းချမ်းရေးဟာ လိုချင်တယ်။ ဒါပေမယ့် လွယ်လွယ်နဲ့တော့ မရနိုင်ဘူး။ မှန်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင် ပဋိပက္ခဟာ အရှည်ကြာဆုံးပါပဲ။ ကမ္ဘာနဲ့

နိုင်းယှဉ်မယ်ဆိုရင် အရှည်ကြာဆုံးပါပဲ။ တကယ်လို့သာ လွယ်လွယ်နဲ့လုပ်လို့ရတယ်ဆိုရင် ပြီးခဲ့တာကြာပါပြီ။ မလွယ်တဲ့အတွက် မပြီးသေးပါဘူး။ ခေတ်အဆက်ဆက်က အစိုးရများကလည်း ငြိမ်းချမ်းရေးရရှိအောင် သူနည်းသူ့ဟန်နဲ့ဆောင်ရွက်ခဲ့ကြတယ်။ မရခဲ့ပါဘူး။ ပြီးခဲ့တဲ့နောက်ဆုံး တပ်မတော်အစိုးရလက်ထက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပြီးနောက်ပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်လာတဲ့အခါမှာ ပြည်တွင်းမှာ လက်နက်ကိုင်ပဋိပက္ခများ မဖြစ်ပေါ်ရေးအတွက် ဟိုအချိန်က စဉ်းစားသုံးသပ်ပြီး လက်နက်ကိုင်အဖွဲ့အစည်းများသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အောက်မှာပဲရှိရမယ်။ ဒါကြောင့်မို့လို့ ရွေးကောက်ပွဲမတိုင်ခင် လက်နက်ကိုင်အဖွဲ့အစည်းများကို တရားဝင်အဖွဲ့အစည်းများဖြစ်အောင် ကြိုးစားပြီးဆောင်ရွက်ခဲ့သော်လည်း တချို့တော့ တရားဝင်ဖြစ်တယ်။ နာမည်နဲ့ပြောရမယ်ဆိုရင် BGF (Border Guard Force) များဟာ တရားဝင် ဖြစ်အောင် ဆောင်ရွက်ပေးတယ်။ တချို့တော့ရတယ်။ တချို့တော့မရဘူး။ ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော်တို့ရဲ့အစိုးရလက်ထက်မှာ လက်နက်ကိုင်အဖွဲ့အစည်းများသည် ခုနက ပြည်ထောင်စုဝန်ကြီး များဆွေးနွေးသလို တရားမဝင်သောအဖွဲ့အစည်းများဖြစ်တယ်။ ဒီထက်ပိုပြောမယ်ဆို မတရားအသင်း များဖြစ်တယ်။ ဘာကြောင့်လဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရရော၊ တည်ဆဲဥပဒေအရရော လက်နက် ကိုင်ဆောင်ခွင့်မရှိဘူး။ လက်နက်ကိုင်ဆောင်ထားတဲ့အတွက် မတရားအဖွဲ့အစည်းများဖြစ်တယ်။ ဒီဟာသည် မြန်မာပြည်မှာမဟုတ်ဘူး။ ကမ္ဘာမှာလည်း ဒီလိုပဲ သတ်မှတ်ထားတဲ့ အနေအထားရှိပါတယ်။ ကြုံတုန်း ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုရောက်တဲ့အခါမှာလည်း Federal ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အချိန်တော်တော်ယူ ပြောဆိုဆွေးနွေးနိုင်ခဲ့တဲ့ အနေအထားရှိပါတယ်။ အဲဒီနေရာမှာ Federal ဆိုတာဘာ၊ Union ဆိုတာဘာ၊ Federation ဆိုတာဘာ Federated ဆိုတာဘာ ကွဲကွဲပြားပြားသိအောင် ဆွေးနွေးနိုင်ခဲ့တဲ့ အနေအထားရှိပါတယ်။ နောက်ဆုံးအဖြေကတော့ မြန်မာလို ပြည်ထောင်စု ဒီဟာသည်သာ အဓိကပါ။ ပြည်ထောင်စုလို့ရေးတဲ့အခါမှာ United လို့ပဲရေးရေး Union လို့ပဲရေးရေး အဓိပ္ပာယ်ကတော့ပြည်ထောင်စု ဖြစ်ဖို့ရာဖြစ်ပါတယ်။ ဒါကြောင့် ဒီအကြောင်းကို အမေရိကန်နိုင်ငံမှာ ရှိတဲ့ ပညာရှင်တွေ သက်ဆိုင်သူများနှင့်ဆွေးနွေးတဲ့အခါမှာ ဥက္ကဋ္ဌကြီး ပြောသလိုပါပဲ။ ကျွန်တော်တို့ နိုင်ငံကို United State of America ဆိုသော်လည်း သူတို့ရဲ့ ကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများကိုတော့ Union Army လို့သုံးပါတယ်။ တစ်စုတစ်စည်းတည်း ဖွဲ့ထားတဲ့အဖွဲ့အစည်းပဲဖြစ်ပါတယ်။ Union Army လို့ပြောပါတယ်။ အဲဒီအတိုင်းပဲ ဥက္ကဋ္ဌကြီး တွေးလိမ့်မယ်။ Union Station ဆိုခြင်း

သည့်လည်း ပြည်ထောင်စုနှင့်သက်ဆိုင်တဲ့ Station ပဲလို့ ပြောပါတယ်။ ကျွန်တော်နားမလည်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့သွားတဲ့နေရာက Union Station ဆိုတာက ကြားမှာ တစ်ခုကျန်နေပါတယ်။ ဒါကျွန်တော်တို့ဘက်ကပါ။ Union railway Station ဒါဘာလဲ Washinton မြို့တော်မှာ Union Station အခြားနာမည်သုံးလုံးလောက်လည်းပြောပါတယ်။ သူတို့ နိုင်ငံမှာ United State လို့ပြောထားသော်လည်း Union ဆိုပြီးသုံးစွဲတယ်လို့လည်းပြောပါတယ်။ ကျွန်တော်တင်ပြတာက အမေရိကန်နိုင်ငံသွားတုန်းက ငြိမ်းချမ်းရေးအကြောင်းလည်း ပြောခဲ့ရတယ်။ ပြီးတဲ့အခါမှာ Federal အကြောင်းလည်းပြောခဲ့ရတယ်။ Federal ဆိုတာ ဘာဆိုတာလည်း ပိုပြီးတော့ ဆွေးနွေးနိုင်တဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ ဒီမှာ ခုနက ကျွန်တော် ကြုံကြိုက်လို့တင်ပြတာက ငြိမ်းချမ်းရေး လိုချင်ကြတယ်။ ခေတ်အဆက်ဆက် အစိုးရများကလည်း ကြိုးစားခဲ့တယ်။ မအောင်မြင် ခဲ့ဘူး။ ပြီးခဲ့တဲ့ အစိုးရလက်ထက်ကလည်း ကြိုးစားခဲ့တယ်။ မှတ်မိပါလိမ့်မယ် ၁၉၉၄ ခုနှစ်မှာစပြီးတော့ ငြိမ်းချမ်းရေး ရရှိနိုင်ဖို့အတွက် အခွင့်အလမ်းရရှိခဲ့တယ်။ ဒီနေ့ပြောနေတဲ့ အပစ်အခတ်ရပ်စဲရေးထက် ပိုသောကိစ္စ များကို ၁၉၉၄ ခုနှစ်နောက်ပိုင်း တစ်စတစ်စလုပ်ခဲ့တဲ့နေရာမှာ တစ်နိုင်ငံလုံးမှာ လုံး၀ အပစ်အခတ် ရပ်စဲခဲ့တယ်။ အဲဒီအချိန်မှာ ဒီနေ့ပြောနေတဲ့ လိုင်ဇာလည်း ကျွန်တော်တို့ရောက်ခဲ့တယ်။ လိုင်ဇာပို့စ် လည်းရောက်ခဲ့တယ်။ ဒီထက်နက်ရှိုင်းတဲ့နေရာလည်း ရောက်ခဲ့တယ်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါက်ပေါက်လာပြီး ဒီနေ့အခြေအနေမှာ တချို့တချို့သော အဖွဲ့အစည်းများဟာ အပစ်အခတ် ရပ်စဲမှုလုံး၀ရှိသော်လည်း တချို့က ကျန်ရှိနေတယ်။ စိတ်မကောင်းစွာနဲ့တွေ့နေရတာဖြစ်ပါ တယ်။ အဲဒီတော့ ကျွန်တော်တို့လွှတ်တော်အတွင်းမှာလည်း ခုနကပြောတဲ့ ငြိမ်းချမ်းရေးလိုချင်လို့၊ လိုလားလို့ ပြည်သူ့ကိုယ်စားလှယ်များဟာ ငြိမ်းချမ်းရေးနှင့်ပတ်သက်လို့ စိတ်၀င်စားလို့ပြောဆို ဆွေးနွေးတဲ့ နေရာမှာ ခုနက နိုင်ငံတော်သမ္မတကြီးဆီကို နောက်ဆုံးပို့တဲ့ သ၀ဏ်လွှာအတိုင်းပဲ ဖော်ပြခဲ့တာဖြစ်ပါ တယ်။ တကယ်မှာ ကောင်းတဲ့သတင်းတွေ၊ ၀မ်းသာစရာသတင်းတွေရှိသလို မကောင်းတဲ့သတင်းတွေ၊ စိုးရိမ်စရာတွေလည်း ရှိနေတဲ့အနေအထားများကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေသိပါ တယ်။ ဒေသပြန်တယ် ပြန်လာပြီးတဲ့အခါမှာ ကျွန်တော်တို့တွေ့တယ်။ တွေ့တဲ့အခါမှာ ပြောကြဆိုကြ တာရှိပါတယ်။ အဲဒီတော့ ခုနက Oslo နိုင်ငံမှာ ကျင်းပတဲ့ Oslo ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ထဲက ပါရှိခြင်းမရှိဘူးဆိုတာ အခုမှ သိရပါတယ်။ ပြီးတဲ့ အခါမှာ သက်ဆိုင်ရာ ပြည်ထောင်စု၀န်ကြီးရှင်းပြတော့မှပဲ တပ်မတော်ကိုယ်စားလှယ် နောက်အခြား ကိုယ်စားလှယ်တွေပါပြီး ဆွေးနွေးတယ်ဆိုတာ သိရပါတယ်။ ကျွန်တော်တို့ လွှတ်တော်က မသိရပါဘူး။

အခုမှပဲသိရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ငြိမ်းချမ်းရေးလိုချင်ကြတဲ့ သူများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သိသင့်တာတွေကို အသိပေးခြင်းဟာ အားလုံးအတွက် အကျိုးရှိတဲ့ ကိစ္စများဖြစ်ပါတယ်။ သို့ရာတွင် ဒီလိုငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စနှင့် ပတ်သက်ပြီးတော့ နောက်ဆုံး KIO, KIA ကိစ္စဆွေးနွေးမှု မြစ်ကြီးနားမှာ ဆောင်ရွက်တုန်းက ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တို့လည်း မေလ ၂၈၊ ၂၉၊ ၃၀ ရက်နေ့ တွေ့ဆုံပွဲတုန်းက ပါရှိ တယ်ဆိုတာ သိရပါတယ်။ ကျွန်တော်အမေရိကန်သွားတုန်းကလည်း ဦးခက်ထိန်နန် ပါသွားပါတယ်။ သူလည်း အဲ့ဒီတွေ့ဆုံပွဲရဲ့ အခြေအနေကို အမေရိကန်နိုင်ငံအတွင်းမှာရှိတဲ့ ကျွန်ုပ်တို့တွေ့တဲ့ အဖွဲ့အစည်းများရော၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ အဲဒီမှာ ဗွီဂျေနမ်ဘီးယား နဲ့တွေ့တဲ့အတွက် သူလည်း ဆွေးနွေးပွဲအကြောင်းပြောတယ်။ သူလည်း ခုနကပြောတာနဲ့ပတ်သက်ပြီး အားရကြောင်း၊ ကျေနပ်ကြောင်း၊ ဂုဏ်ပြုကြောင်း အသိအမှတ်ပြုတယ်။ ဒါကြောင့် ကျွန်တော်တို့ ခုနက သမ္မတကြီးဆီ သဝဏ်လွှာပို့တဲ့အခါမှာ သမ္မတကြီးအပါအဝင် ကျွန်တော်တို့ နိုင်ငံသားအားလုံး ကျွန်တော်တို့ လွှတ်တော်ဆိုရင် လွှတ်တော်နာယကကြီး အပါအဝင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၊ ကျွန်တော့်လွှတ်တော်ဆိုရင် ကျွန်တော် အပါအဝင် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်အားလုံးဟာ ငြိမ်းချမ်းရေးအတွက် အင်မတန်လိုလားပြီးတော့ စိတ်စော စိတ်ဝင်စား လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကိုယ့်ကဏ္ဍနဲ့ကိုယ် ဆောင်ရွက်ဖို့လိုတယ်လို့ လိုတဲ့အခါမှာ ကျွန်တော်တို့ ရည်မှန်းချက်အပေါ် စေတနာထားဆောင်ရွက်သလို၊ ရည်မှန်းချက်အပေါ် စေတနာမှန်ဆောင်ရွက်သလို လုပ်နည်းလုပ်ဟန်တွေလည်းလိုပါတယ်။ အထူးသဖြင့်တော့ ဒီနေ့ ဥပဒေများနှင့်အညီ လုပ်ဆောင်နိုင်ဖို့၊ လုပ်ဆောင်တတ်ဖို့လည်းလိုပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ကြိုးစားပြီး ဆောင်ရွက်ရမှာပါ။ ဒီနေ့လည်း ကျွန်တော်တို့ လွှတ်တော်အတွင်းမှာ တိုင်းရင်းသားစုံပါတီစုံဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော တန်းတူ ညီမျှရေးကိစ္စအပါအဝင် အုပ်ချုပ်မှုဆိုင်ရာခွဲခြားမှုမရှိရေးအတွက်လည်း ကျွန်တော်တို့ လွှတ်တော် အတွင်းမှာ ဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့လွှတ်တော်အတွင်းမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့အယူအစွဲမထားဘဲနဲ့ ကျွန်တော်တို့ဟာ ပြည်ထောင်စုကြီးအတွက် ပြည်ထောင်စုသားတွေအတွက် နိုင်ငံအတွက် အားလုံး အကျိုးရှိမယ်ဆိုရင် ပူးပေါင်းဆောင်ရွက်ကြ မယ်ဆိုပြီးတော့ ဒီလိုဆောင်ရွက်နေကြတာ။ ဘယ်လောက် ဘယ်လိုစဉ်းစားသလဲဆိုတဲ့အခါမှာ

ကျွန်တော်တို့ ဒို့တာဝန်အရေးသုံးပါးထဲက အချက်တစ်ချက်ဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကျွန်တော်တို့လွှတ်တော်မှာ အဓိကထားစဉ်းစားပါတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေး လွှတ်တော်ထဲမှာ အဓိကထားစဉ်းစားပါတယ်။ တိုင်းရင်းသားဆိုတာရှင်းပါတယ်။ အမျိုးသားစည်းလုံး ညီညွတ်ရေးဆိုတာ ဒီနေ့ လွှတ်တော်ထဲမှာရောက်ရှိနေတဲ့ ပါတီတွေရော၊ လွှတ်တော်ပြင်ပမှာရှိတဲ့ ပါတီတွေရော အမျိုးသားရေးအတွက် အခြေခံပြီးတော့ အမျိုးသားအကျိုးစီးပွားအတွက် လုပ်မယ်ဆိုပြီးတော့ ပါတီတွေထူထောင်ထားတာ ဘယ်ပါတီပဲဖြစ်ဖြစ် အဲ့ဒီပါတီထက် ကျွန်တော်တို့ အနိုင်ရပါတီ အာဏာရအစိုးရနဲ့လည်း ပူးပေါင်းဆောင်ရွက်ရမယ်။ ဘယ်အတွက်လဲ။ နိုင်ငံတော်အကျိုးစီးပွားအတွက် ပူးပေါင်း ဆောင်ရွက်တယ်။ ပါတီတူတူ၊ မတူတူ ပါတီတိုင်းရဲ့ ရည်မှန်းချက်က ဒါပဲ။ ဒါကြောင့်မို့လို့ အဲ့ဒီလို ပါတီများနှင့် ကျွန်တော်တို့သင့်မြတ်အောင် နေပြီးဆောင်ရွက်ခြင်းသည်လည်း နိုင်ငံတော်နှင့် နိုင်ငံတော်အကျိုးစီးပွားအတွက်ဖြစ်တယ်။ လူပုဂ္ဂိုလ်တစ်ယောက်အတွက် မဟုတ်ဘူး။ အဖွဲ့အစည်းတစ်ခုအတွက်မဟုတ်ဘူး။ အစိုးရအတွက်မဟုတ်ဘူး။ လွှတ်တော်အတွက်မဟုတ်ဘူး။ နိုင်ငံတော်အတွက်ပဲဖြစ်တယ်။ အဲ့ဒီလိုခံယူနိုင်အောင် ကျွန်တော်တို့လွှတ်တော်ထဲမှာ ဆောင်ရွက်နေပါတယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ခုနကပြောတဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ခေတ်အဆက်ဆက်ကလုပ်တယ်။ ဘယ်လောက်ထိရလဲ၊ မရလဲတင်ပြလို့ရတယ်။ ငြိမ်းချမ်းရေးလုပ်တယ်။ ကျွန်တော်ခုနက တင်ပြတဲ့ နောက်ဆုံးတပ်မတော်အစိုးရလက်ထက်မှာလည်း ငြိမ်းချမ်းရေးရအောင် လုပ်တယ်။ ပြောမယ်ဆိုရင် ဟိုခေတ်ဟိုအခါတုန်းက ပြောရမယ်ဆိုရင် ဘယ်သူမှမလုပ်ခဲ့တဲ့ Formula အသစ်နဲ့ လုပ်ခဲ့တယ်လို့တောင် ဂုဏ်ယူခဲ့တယ်။ ဒါပေမယ့် နောက်ဆုံး ရွေးကောက်ပွဲဝင်ခါနီးမှာ မျှော်မှန်းသလို မဖြစ်လာဘူး။ မဖြစ်လာတဲ့အကြောင်းတွေလည်း အများကြီးရှိမယ်။ သူ့ဘက်ကိုယ့်ဘက် ပြောစရာတွေလည်း အများကြီးရှိမယ်။ ဒီအခန်းထဲမှာတော့ ဒီလောက်ပဲ ကျွန်တော်တို့ ပြောလို့ဖြစ်မယ်။ အရေးကြီးတာက စေတနာမှန်ဖို့လိုပါတယ်။ အပြောနှင့်အလုပ် ပြောတာတစ်မျိုး၊ လုပ်တာတစ်မျိုး မဖြစ်ဖို့လိုပါတယ်။ ရိုးသားဖို့လိုပါတယ်။ ပွင့်လင်းဖို့လိုပါတယ်။ ပွင့်လင်းတော့ပွင့်လင်းတယ် မရိုးသားဘူးဆိုရင်တော့မဖြစ်နိုင်ဘူး။ ရိုးတော့ရိုးသားတယ်။ ပွင့်လင်းစွာမပြောဘူးဆိုရင်လည်း မဖြစ်နိုင်ဘူး။ ခုနက ဦးအောင်မင်း ရွတ်ဆိုသွားတဲ့ မန်ဒဲလားပြောတဲ့ကိစ္စ ပွင့်ပွင့်လင်းလင်းတော့ပြောတယ်။ ဒါပေမယ့်လို့ မရိုးသားဘူးဆိုလို့ရှိရင် ကျွန်တော်တို့ မဖြစ်နိုင်ဘူး။ ဒါတွေက ပါဝင်ပတ်သက်သူအားလုံးနဲ့ဆိုင်မယ့် ကိစ္စတွေပဲဖြစ်ပါတယ်။ အဲဒီတော့ကျွန်တော်နိဂုံးချုပ် တင်ပြပါမယ်။ အခုလို လာရောက်ရှင်းလင်း တင်ပြပေးတဲ့အတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း

ကော်မတီအနေနဲ့ ဘာတွေလုပ်နေတယ်ဆိုတာကို ကျွန်တော်တို့ သိခွင့်ရတယ်။ ကျွန်တော်တို့ဆိုတဲ့အခါမှာ ဒီမှာ ပြည်သူ့ကိုယ်စားလှယ်များ သိခွင့်ရတယ်။ အဲဒီထဲမှာ တိုင်းရင်းသားများပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသားများအနေနဲ့ ဒီလိုသိတဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလုပ်ပေးမှ ငြိမ်းချမ်းရေးအတွက်လည်းရနိုင်မယ်။ အမျိုးသားပြန်လည် သင့်မြတ်ရေးကိုလုပ်ပေးမှ သူ့ပါတီ၊ ကိုယ့်ပါတီ ဒီလိုထားပြီးတော့ ရန်ဘက်သဘောပြုမူမယ်ဆိုလို့ရှိရင် ငြိမ်းချမ်းရေးအတွက် အခက်အခဲရှိမယ်။ ပြီးတဲ့အခါမှာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုမရှိဘူးဆိုလို့ရှိရင်လည်း ငြိမ်းချမ်းရေးဆိုတာ လိုတာ၊ လိုတာမဖြစ်လာနိုင်ဘူး။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ဆီမှာ ဖွဲ့စည်းထားတဲ့ ခုနက တင်ပြဖွဲ့စည်းထားတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတွေဟာလည်း ငြိမ်းချမ်းရေးမှာ အများကြီးသက်ဆိုင်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့ မူလအခွင့်အရေးကို ရအောင်မလုပ်ပေးဘဲနဲ့ ငြိမ်းချမ်းရေးရဖို့ဆိုတာ ခက်တယ်။ ပြီးတဲ့အခါမှာ ဒီနေ့ကိုယ့်နိုင်ငံနဲ့ ထိုက်တန်တဲ့၊ သင့်မြတ်တဲ့ လူ့အခွင့်အရေးတွေကို ရအောင်မလုပ်ပေးဘူး။ မျက်ကွယ်ပြုတယ်ဆိုလို့ရှိရင် ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ခက်တယ်။ အဲဒီအတိုင်းပဲ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရအောင် မလုပ်ဘူးဆိုလို့ရှိရင်လည်းခက်တယ်။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းမှုရအောင် လုပ်ဖို့ဆိုလို့ရှိရင် အစိုးရအဖွဲ့ လက်အောက်မှာရှိကြတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ Law Emforcement အဖွဲ့အစည်း များလည်း လုပ်ဖို့လိုပါတယ်။ တရားရေးဆိုင်ရာအဖွဲ့အစည်းများကလည်း Law Emforcement နဲ့ တင်လာတဲ့ ကိစ္စ ဥပဒေနှင့်အညီ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အပိုင်းလည်းလိုတယ်။ အဲဒီလို လုပ်နိုင်ဖို့အတွက်လည်း လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး ကော်မတီ၊ ဥပဒေရေးရာနှင့် တရားရေးကော်မတီ အဲ့ဒါအပြင် ပြည်သူ့စီမံခန့်ခွဲရေးကော်မတီတို့ရဲ့ ပါဝင်မှု၊ စောင့်ကြည့်မှု၊ ကူညီမှုများလည်းလိုတယ်။ အဲဒါတွေမပါဘဲနဲ့ ခက်ခဲတယ်။ ဘာကြောင့် ဒီအဖွဲ့တွေပါဖို့လိုလည်းဆိုတာ ဒီအဖွဲ့တွေသည် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတယ်။ တိုင်းရင်းသားကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားတယ်။ ဒါကြောင့်မို့လို့ သူတို့ပါရင် ပိုအားရှိတယ်။ ဒီဟာကိုခံယူပြီးကျွန်တော်လုပ်သွားဖို့လည်းရှိတယ်။ ကျွန်တော်တင်ပြချင်တာက ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့နိုင်ငံသားအားလုံး၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးလိုအပ်တယ်။ တပ်မတော်သားတွေအားလုံးလိုတယ်။ ဘာလို့တပ်မတော်သားတွေအားလုံးလိုတယ်ဆိုတာ ငြိမ်းချမ်းနေရင် တပ်မတော်သား တွေအခုလို အလုပ်မရှုပ်ဘူး။ အခုလိုမသေဘူး။ အခုလိုကျိုးခြင်း၊ ပြတ်ခြင်းမရှိဘူး။

တပ်မတော်ဘက်က တချို့ထုတ်ဖော်မပြောပေမယ့်လို့ ဒီကာလအတွင်းမှာ ဘယ်လောက်ထိကျဆုံးခဲ့တယ်။ ဒဏ်ရာရခဲ့တယ်။ မိသားစုနဲ့ကွဲကွာခဲ့တယ်ဆိုတဲ့ဟာလည်း သက်ဆိုင်ရာက မထုတ်ပြန်ပေးလို့သာ ကျွန်တော်တို့မသိတာ၊ အများကြီးဖြစ်နေပါတယ်။ အဲဒီအတိုင်းပဲ ခုနက ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ လက်နက် ကိုင်တဲ့အဖွဲ့ဟာ ဘယ်လောက်ထိ သေကြလဲ၊ ကြေကြလဲ၊ ပျက်စီးကြလဲ။ ဒေသမှာရှိတဲ့လူတွေ ဘယ်လောက်ဒုက္ခရောက်လဲ။ အဲဒီဒေသကပိုသိတယ်။ ကျွန်တော် ဒါဘာ့ကြောင့်ပြောလဲဆို ကျွန်တော် ဒီနေ့ ငြိမ်းချမ်းရေးနယ်မြေဆိုပေမယ့် တကယ်တမ်းကျတော့ ကျွန်တော်တို့နယ်နဲ့ ကျွန်တော် မွေးခဲ့တဲ့ ဖြူး၊ ကညွတ်ကွင်းဒေသမှာသည်ပင်လျှင် ဒီနေ့ ငြိမ်းချမ်းရေးအရသာကို အပြည့်အဝမရသေးဘူး။ ဒါလိုအပ်တဲ့အခါမှာတင်ပြမယ်။ အဲဒီအတိုင်းပဲ ပြီးခဲ့တဲ့ အစည်းအဝေး တုန်းကလည်း တချို့နေရာတွေမှာ ဒီလိုအနေအထားမျိုးဖြစ်တယ်။ ဒီလိုဆိုးကျိုးတွေမဖြစ်အောင် ဆက်လက်ပြီး ကျွန်တော်တို့ လုပ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် သမ္မတကြီးဆီကို ဒီလို သဝဏ်လွှာရေးပါတယ်။ ရေးတဲ့အခါမှာ ဒီသဝဏ်လွှာက ဒီနေ့လာပြီးတော့ ရှင်းလင်းပါတယ်။ ဒါပေမယ့် ဒါနဲ့မလုံလောက်သေးပါဘူး။ ကျွန်တော်တို့ ရည်မှန်းချက်ရအောင် စေတနာမှန်သလို လုပ်နည်းလုပ်ဟန်မှန်ဖို့လည်း အရေးကြီးပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ လွှတ်တော်ပိုင်းကလည်း လွှတ်တော်မှာ တာဝန်ပေးဆောင်ရွက်ထားတာရှိပါတယ်။ ဒါဘာလဲဆိုလို့ရှိရင် တိုင်းရင်းသားအခွင့်အရေးကာကွယ်တဲ့ဥပဒေ ပေါ်ထွန်းလာဖို့ အဲဒီအတိုင်းပဲ ဒီနေ့ ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်များက အစိုးရအဖွဲ့များ၊ ပြည်ထောင်စုသားများ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ အခွင့်အရေးတွေရှိရဲ့သားနဲ့ ဘာတွေမရသေးဘူးလဲ။ ဘာတွေတော့ရလဲ။ အဲဒါအပြင် ဘာတွေများထပ်ပေးဖို့လိုလဲဆိုတာ ကျွန်တော်တို့ လွှတ်တော်က စိစစ်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်ခြင်းသည် ဒီနေ့ပြောတဲ့ ငြိမ်းချမ်းရေးအတွက်အထောက်အကူပြုပါတယ်။ အဲ့ဒီအတိုင်းပဲ တရားဥပဒေစိုးမိုးရေးအတွက်လည်း အထောက်အကူပြုပါတယ်။ အဲ့ဒီအတိုင်းပဲ ဒီနေ့ ကျွန်တော်တို့ပြောတဲ့ နိုင်ငံသားများရဲ့ မူလအခွင့် အရေးဒီမိုကရေစီရေးအတွက် အထောက်အကူပြုပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ အစိုးရအဖွဲ့က ဒီလိုဆောင်ရွက်နေသလို ကျွန်တော်တို့ လွှတ်တော်ဘက်ကလည်း ဆောင်ရွက်တဲ့နေရာမှာ စေတနာမှန်သလို လုပ်နည်းလုပ်ဟန်မှန်ပြီးတော့ အားထည့်ပြီးတော့ ဆောင်ရွက်ဖို့လိုကြောင်း လွှတ်တော်ကိုတင်ပြရင်းနိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါမယ်။

28.6.2013 (Record)

**အချိန်၊**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါသည်။]

**အချိန်၊** ။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီနေ့က သောကြာနေ့ ကိုယ့်အချိန်မပါအောင်လည်း သတိပြုရဦးမှာဖြစ်ပါတယ်။ အခု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးခင်ရီတို့ ဆွေးနွေးတာနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ၊ အဝေးကဧည့်သည်အဖြစ် တက်ရောက်လာသော ဧည့်သည်တော်များ တိုင်းရင်းသားများလည်း ကြားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ တချို့လည်း ဒီအကြောင်းအရာနဲ့ ပတ်သက်လို့ ဆွေးနွေးချင်တဲ့စိတ်တွေပေါ်လာပြီး ဆွေးနွေးခွင့်ပေးရင် ဆွေးနွေးမယ်ဆိုတဲ့ သဘောလည်းပြောတာလည်း ရှိပါတယ်။ ဒါပေမယ့် ဒီအပိုင်းကတော့ လွှတ်တော်အတွင်းမှာပဲ မိမိတို့ အမြင်တွေ၊ ယူဆချက်တွေ သီးခြားဆွေးနွေးကြပါ။ ဒီမှာတော့ ကျွန်တော်တို့ အချိန်ကရော၊ အခြေအနေအရရော ပေးနိုင်တဲ့အနေအထား မရှိပါဘူး။ ဒါကြောင့် ဒီနေ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဆွေးနွေးချက်၊ ရှင်းလင်းချက်၊ ဦးခင်ရီ ဆွေးနွေးချက်၊ ရှင်းလင်းချက်တွေဟာ ကျွန်တော်တို့ နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် များစွာအထောက်အကူပြုပါတယ်။ အဲဒီအတိုင်းပဲ မိမိတို့ မျှော်လင့်ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးအတွက်လည်း အင်မတန်မှ အရေးကြီးတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်မှာ မှတ်တမ်းထားရှိဆောင်ရွက်ဖို့ လိုပါတယ်။ နောက်တစ်ချက်ကလည်း အခုလိုငြိမ်းချမ်းရေးရှိဖို့ ဆောင်ရွက်တဲ့နေရာမှာ စေတနာဘယ်လောက်ကောင်းကောင်း၊ စေတနာနဲ့အညီ ကြိုးစားပမ်းစား လုပ်ဖို့ ဆိုတဲ့ကိစ္စဟာ တစ်ခါတစ်ခါမှာ ခက်ခဲမှုတွေရှိပါတယ်။ နောက်တွန့်စရာတွေလည်းရှိပါတယ်။ ဒါပေမယ့် ဒီပုဂ္ဂိုလ်များအနေနဲ့ စေတနာရှိသလို တကယ့်ကို တခြားနိုင်ငံသွား ပြီးတဲ့အခါမှာ ဒီအဖွဲ့အစည်းတွေဝင်၊ ဝင်ပြီးတဲ့အခါမှာ

ထိတွေ့ ယုံကြည်မှုရအောင်လို့ ပြောဆိုဆောင်ရွက်တဲ့ကိစ္စက လွယ်လွယ်နဲ့မဖြစ်နိုင်ပါဘူး။ အဲဒီလိုပဲ နာမည်မဖော်ပြပေမယ့် ကျွန်တော်တို့ လွှတ်တော်ထဲက လွှတ်တော်ကိုယ်စားလှယ်တွေလည်း ဒီလိုပဲ လုပ်ခဲ့ကြတာရှိပါတယ်။ လုပ်နေရတာလည်း ရှိပါတယ်။ ဒီကိစ္စတွေလည်း ကျွန်တာ်တို့ အသိအမှတ်ပြု ဖို့လိုပါတယ်။ မှတ်တမ်းတင်ဖို့လည်း လိုပါတယ်။ အဲဒီနည်းတူပဲ ကျွန်တော်တို့ လွှတ်တော်ကတော့ မှတ်တမ်းတင် အသိအမှတ်ပြုရုံတင်မဟုတ်ဘဲနဲ့ ဆက်လက်ပြီးတော့ ကြိုးစားဆောင်ရွက်တဲ့ အခါမှာ လည်း စောင့်ကြည့်ရမယ့်လုပ်ငန်းဟာ ဒါ ကျွန်တော်တို့ရဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကို တင်ပြချင်တာက ဒီနေ့ လာရောက် ဆွေးနွေးတင်ပြတဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနဲ့ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့ရဲ့ ဆွေးနွေးတင်ပြချက်တွေကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိပြီးဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးလည်း မိမိတို့ မူလတာဝန်အပြင် ငြိမ်းချမ်းရေးရရှိအောင် အခုလို ကြိုးစားပမ်းစား ဆောင်ရွက်နေမှုကိုလည်း ကျွန်တော်တို့ လွှတ်တော်က မှတ်တမ်းတင် ထားရှိ ဂုဏ်ပြုရန်လည်းလိုပါတယ်။ ဒါကြောင့်မို့လို့ တကယ်လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိအောင်အတွက် ကြိုးစားပမ်းစားဆောင်ရွက်နေကြတဲ့ ကျွန်တော်တို့ လွှတ်တော်ဘက် ကဆိုလို့ရှိရင်တော့ သက်ဆိုင်ရာကော်မတီတွေမှာ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးသိန်းဇော်၊ ပြီးတဲ့အခါမှာ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးအောင်မင်း၊ ပြီးတဲ့အခါမှာ တပ်မတော်ဘက်က ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ကိုလည်း ကျွန်တော်တို့ အသိအမှတ်ပြုပြီးတော့ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်းနဲ့ ကျွန်တော်တို့ လွှတ်တော်က အသိအမှတ်ပြုပါကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မင်းတို့၊ ဦးခင်ရီတို့ အလုပ်တွေရှိမယ်ထင်ပါတယ်။ အခြားဘာမှ ဆွေးနွေးစရာမရှိဘူးဆိုရင်တော့ ပြန်လည်ထွက်ခွာလို့ရပါပြီ။

**လောက်ကိုင်မြို့တွင် ဖုန်းများ တစ်လလျှင် ၅ ရက်ခန့် လိုင်းပြတ်တောက်ခြင်းအား မည်သို့ဆောင်ရွက် ပေးမည်နှင့် ကုန်းကြမ်းမြို့နယ်၊ ကျေးလက်ဒေသ GSM/UMTS မိုဘိုင်း တယ်လီဖုန်းများ တိုးချဲ့ တပ်ဆင်ရေးစီမံကိန်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လောက်ကိုင် မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ကိုယ်စား ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ကိုယ်စား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တိုးချဲ့တပ်ဆင်ပေးမည့် GSM မိုဘိုင်း ရေဒီယို စခန်းများနဲ့စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ကြယ်ပွင့်မပြ မေးခွန်းဖြင့် မေးခဲ့သော်လည်း အဆင်ပြေခြင်းမရှိခဲ့ပါ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ထပ်မံပြီးတော့ ဝန်ကြီးထံမှာ တင်ပြခဲ့ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို မြို့နယ် နှစ်မြို့နယ်နှင့် မြို့နယ်ခွဲ နှစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားပါတယ်။ လောက်ကိုင်မြို့နယ်တွင်သာ ကြိုးဖုန်းနဲ့ GSM ဖုန်း တပ်ဆင်ပေးထားပြီးဖြစ်သော်လည်း တစ်လမှာ ၅ ရက်ခန့် လိုင်းဖြတ်တောက်ခြင်း၊ ခေါ်ဆို၍ မရနိုင်ခြင်းပြဿနာများ ကြုံတွေ့နေရပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းသို့ မိုဘိုင်းရေဒီယိုစခန်းအသစ်များ တိုးချဲ့တပ်ဆင်ပေးသွားမယ် ဆိုတာ သိရပါတယ်။ သို့သော် ကုန်းကြမ်းမြို့နယ်ကို တပ်ဆင်ပေးမယ်ဆိုတာ လျာထားချက်ထဲမှာ မတွေ့ခဲ့ရပါဘူး။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင် မြို့တွင် ကြိုးဖုန်းနှင့် GSM ဖုန်းများ တစ်လလျှင် ၅ ရက်ခန့် လိုင်းပြတ်တောက်ခြင်း လိုင်းပြတ်တောက် ခြင်းကို သိရှိပါသလား။ သိရှိပါက မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုပါတယ်ခင်ဗျား။ (ခ) ရှမ်းပြည်နယ်မြောက်ပိုင်း ကုန်းကြမ်းမြို့နယ်တွင် GSM,WCDMA မိုဘိုင်းတယ်လီဖုန်းများ ဆက်သွယ် ပြောဆိုနိုင်ရန် ကျေးလက်ဒေသ GSM,UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ကို သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

[ဦးကျော်နီနိုင်၊ လောက်ကိုင်မဲဆန္ဒနယ်ကိုယ်စား ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း လေးစားစွာဆန္ဒပြုရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင်၏ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် ဦးသောင်းတင်၊ ဒုတိယဝန်ကြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) အတွက် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်မြို့တွင် အော်တိုအိတ်ချိန်းနဲ့ GSM BTS စခန်းသုံးခုတို့ရဲ့ အဝေးဆက်သွယ်မှု Transmission ကိစ္စများကို လားရှိုး၊ သိန္နီ၊ ကွမ်းလုံ၊ လောက်ကိုင်မြေအောက်ဖိုင်ဘာဆက်ကြောင်းဖြင့် ချိတ်ဆက်အသုံးပြုထားရှိပါတယ်ခင်ဗျား။ ၎င်းဖိုင်ဘာဆက်ကြောင်းများသည် တောင်ပြိုကျမှု၊ ရေတိုက်စားမှု စသည့် သဘာဝဘေးအန္တရာယ်များကြောင့် မကြာခဏ ပြတ်တောက်မှု ဖြစ်ပေါ် လေ့ရှိပါတယ်။ အဆိုပါပြတ်တောက်မှုများကို ပြုပြင်ရန်မှာ သွားလာရေးခက်ခဲတဲ့ ဒေသများဖြစ်တဲ့အတွက် ဆက်သွယ်ရေးအင်ဂျင်နီယာများမှ လုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ကျွန်တော်တို့ ဆက်သွယ်ပြီးတော့ ညှိနှိုင်းသွားရောက်ဆောင်ရွက်ရာမှာ သာမန်ထက် အချိန်ပိုကြာမြင့်ခြင်းရှိတာ တွေ့ရပါတယ်။ နောက်နောင်တွင် ယခုထက်ပိုမိုပြီးလျှင်မြန်စွာ ပြုပြင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မေးခွန်း(၂) အတွက် အဆိုပါ ကုန်းကြမ်းမြို့နယ်အတွင်း GSM,UMTS စခန်း တိုးချဲ့ပေးနိုင်ရေးအတွက် လိုအပ်တဲ့ Transmission ဆက်ကြောင်းနဲ့ မိုဘိုင်းရေဒီယိုစခန်းတွေကို ကျွန်တော်တို့ ယခုနှစ်ဘဏ္ဍာရေးနှစ် မှာ ကျွန်တော်တို့ ထည့်သွင်းလျာထားဆောင်ရွက်ခြင်းမရှိသေးပါဘူး။ Telecom Reform တွေ Globalization Process အရဆက်သွယ်ရေးဝန်ကြီးဌာနမှ ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းအတည်ပြုပြီးတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ Independent Operator လေးခု ဖြစ်ပေါ်လာ မှာဖြစ်ပါတယ်။ Independent Operator လေးခုအနေနဲ့ နောက်ပိုင်း စီမံကိန်းတွေ ဆောင်ရွက်တဲ့အခါမှာ ယခု

ကုန်းကြမ်းမြို့နယ်အတွင်း GSM,UMTS စခန်း တိုးချဲ့ပေးနိုင်ရေးအတွက် ကျွန်တော် ဝန်ကြီးဌာန အနေနဲ့ တိုက်တွန်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လက်ကိုင်ဖုန်းများ၏ ပြောဆိုဆက်သွယ်ခကို တစ်မိနစ် လျှင် ၅၀ ကျပ်မှ ၅ ကျပ်နှုန်းသို့လျှော့ချပေးရန် လက်ကမ်း အဆိုပြုလာသည့် ကုမ္ပဏီများရှိ/မရှိနှင့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းက ဦးဆောင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ မင်္ဂလာပါ။ တစ်ဆက်တည်းပဲ ဘေးဘယာဝေးကွာ ကျန်းမာချမ်းသာစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ အခြေခံအချက် ၃ ချက်အပေါ်မှာ တည်ပြီးတော့ ဖြစ်နိုင်ခြေတွက်ချက်ပြီး မေးမြန်းတာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ကတော့ ကျွန်တော်တို့ ပြည်သူတွေဆိုတာကတော့ ဒီမြန်မာနိုင်ငံပြည်သူ့မှမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာရှိတဲ့ အုပ်ချုပ်ခံပြည်သူအားလုံးကတော့ ကုမ္ပဏီကြီးတွေနဲ့ အစိုးရရဲ့အဖွဲ့အစည်းကြီးတွေကို ယုံကြည်အားထားမှုကြီးမားစွာထားရှိရပါတယ်။ အစဉ်အလာအားဖြင့်လည်းပဲ ကုမ္ပဏီကြီးတွေက ထုတ်လုပ်တဲ့ပစ္စည်းတွေ၊ အစိုးရအပိုင် ကုမ္ပဏီကြီးတွေက ထုတ်လုပ်တဲ့ ပြည်သူ့ကုန်စည်တွေ၊ ပြည်သူ့ဝန်ဆောင်မှုတွေ ဒါတွေဟာ အရည်အသွေးအားဖြင့် စစ်မှန်တယ်လို့ ယုံကြည်ရတဲ့ အစဉ်အလာရှိခဲ့ပါတယ်။ ဈေးနှုန်း အားဖြင့်လည်းပဲ မှန်ကန်တယ်လို့ယုံကြည်ရတဲ့ အစဉ်အလာရှိခဲ့ပါတယ်။ ဒီပထမအချက်အားဖြင့် ကုမ္ပဏီကြီးတွေကို ယခုအခါမှာဆိုလို့ရှိရင် အများပိုင်ကုမ္ပဏီအဖြစ်ကို ပြောင်းလဲလာတာလည်း တွေ့ရပါတယ်။ အများပိုင်ကုမ္ပဏီဆိုတဲ့သဘောတရားကတော့ ကျွန်တော်တို့ပြည်သူတွေက ကိုယ့်ရဲ့ဝင်ငွေထဲကခြိုးခြံလို့ပဲဖြစ်စေ၊ ပိုလျှံလို့ပဲဖြစ်စေ စုဆောင်းနိုင်သမျှ စုဆောင်းမှုလေးတွေကို အများပိုင် ကုမ္ပဏီကြီးတွေရဲ့ ရှယ်ယာမှာ ဝယ်ယူပြီးတော့ ကိုယ့်ရဲ့စုဆောင်းမှုလေးများ တိုးပွားလေမလားဆို တဲ့ ရည်ရွယ်ချက်နဲ့ ထည့်ဝင်ထူထောင်လာရတဲ့ ဈေးကွက်စီးပွားရေးခေတ်ကြီးကို ကျွန်တော်တို့ ရောက် ရှိနေပါတယ်။ ဒီတော့ အများပိုင်ကုမ္ပဏီကြီးတွေအနေနဲ့ နောက်အထူးပြောစရာမလိုတာကတော့ အစိုးရကော်ပိုရေးရှင်းကြီးတွေအနေနဲ့ ပြည်သူတွေအတွက် အရည်အသွေးမှန်ကန်တဲ့ ဈေးနှုန်း

ပြောစရာမလိုတဲ့ ကုန်စည်ဝန်ဆောင်ထုတ်လုပ်မှုတွေကို ပြုပေးမယ်လို့ယုံကြည်ချက် အခြေခံပြီး ပထမအချက်အနေနဲ့ ကျွန်တော်ဒီမေးခွန်းကိုမေးတာဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ကျွန်တော်တို့ကုမ္ပဏီကြီးတွေ၊ အစိုးရကော်ပိုရေးရှင်းကြီးတွေဆိုတာ အင်အားကြီးပါတယ်။ အင်အားကြီးတယ်ဆိုတာမှာလည်းပဲ စောစောကပြောသလို ပြည်သူအများစုရဲ့ယုံကြည်ကိုးစားမှုရရှိပြီး ပြည်သူအားလုံးရဲ့ စုဆောင်းမှုကို အစုရှယ်ယာအဖြစ်နဲ့ ပါဝင်ထည့်ဝင်ပြီးတော့ ထူထောင်ကြတဲ့ကုမ္ပဏီတွေ ပြည်သူ့ဘဏ္ဍာနဲ့ ထူထောင်ကြတဲ့အစိုးရ ကော်ပိုရေးရှင်းကြီးတွေ ဖြစ်တဲ့အတွက်ကြောင့်လည်း တစ်ကြောင်းဖြစ်ပါတယ်။ ဒီတော့ ဒီအင်အားကြီးတဲ့ ကုမ္ပဏီကြီးတွေ၊ အစိုးရကော်ပိုရေးရှင်းကြီးတွေအနေနဲ့ လုပ်ငန်းကြီးခြင်းရဲ့အ ကျိုးကျေးဇူး Economy Of Scale ဆိုတာရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်ဒီမေးခွန်းမှာ စာသားအနေနဲ့ ထည့်သွင်းထားပါတယ်။ သန်းဆယ်ဂဏန်းမျှရှိသော အများပြည်သူလက်ကိုင်သုံးစွဲနေကြတဲ့ GSM/CDMA စတဲ့ တယ်လီဖုန်းများဆိုတဲ့ စကားလုံးရှိပါတယ်။ ဖုန်းအလုံးရေများတာနဲ့အမျှ သူရဲ့ထုတ်လုပ်မှုကုန်ကျစရိတ်က ကျဆင်းသွားပါတယ်။ ဒီတော့ကား ကျွန်တော်တို့ကမျှော်လင့်တာက ဒီနေ့တယ်လီဖုန်းဆက်သွယ်ခ ၁ မိနစ် ၅၀ ကျပ်က ၅ ကျပ်ဆိုတာဖြစ်နိုင်လောက်တဲ့ အနေအထား တစ်ခု တွေ့ပါတယ်။ ဒါကို ထပ်ဆင့်ပြီးတော့ ထောက်ခံမယ့်အခြေခံ တတိယအချက်ကတော့ ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ စာရင်းကိုင်ပညာမှာ အရင်းကြေကာလကိုတွက်ချက်တဲ့ အခြေခံပေါ်မှာ သွားတည်ပါတယ်။ ကျွန်တော်တို့က တိုင်တွေထူထောင်တဲ့ကိစ္စမျိုး၊ အခြေခံအဆောက်အဦတွေ တည်ဆောက်ရတဲ့ကိစ္စမျိုးတွေမှာ ကုန်ကျတဲ့အရင်းကို ကျွန်တော်တို့က ၁ နှစ်အတွင်း ကြေအောင် အခြေခံထားပြီးတော့ စာရင်းကိုင်နည်းနဲ့ တွက်ချက်မယ်ဆိုလို့ရှိရင်ကတော့ ကျွန်တော်တို့ရဲ့ဖုန်းပြောဆက်သွယ်ခတွေဟာ ၅၀ ဆိုတာဖြစ်နေမှာဖြစ်ပါတယ်။ တကယ်တမ်းကျတော့ အများပိုင်ကုမ္ပဏီကြီးတွေ၊ အစိုးရကော်ပိုရေးရှင်းကြီးတွေ အနေနဲ့က ရေရှည်ကိုတွက်ချက်ပြီးတော့ အများပြည်သူရဲ့ အကျိုးစီးပွားကို အများဆုံးဖော်ဆောင်နိုင်တဲ့ ရည်မှန်းချက်ကို ထားရပါတယ်။ ဒီတော့အရင်းကြေ ကာလကို ၁ နှစ်၊ ၂ နှစ်စသည်ဖြင့် ကာလတိုထားမယ့်အစား အရင်းကြေကာလကို ၁၀ နှစ်၊ ၁၅ နှစ် ထားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့တယ်လီဖုန်း သုံးစွဲခနှုန်းထားတွေကို တစ်ဖက်က ဒုတိယအချက်ဖြစ်တဲ့ လုပ်ငန်းကြီးခြင်းရဲ့ အကျိုးကျေးဇူး Economy Of Scale နဲ့ပေါင်းစပ်လိုက်လို့ရှိရင် ကျွန်တော် တို့ရဲ့ ၁ မိနစ်ဖုန်းသုံးခဟာ ၅ ကျပ်ဆိုတာဖြစ်နိုင်ချေရှိတယ်လို့ ကျွန်တော်တို့ ဘောဂဗေဒပညာရှင်အုပ်စုက အပြင်မှာတွေ့ကြုံဆုံကြဆွေးနွေးကြတဲ့အခါမှာ တွက်ချက်မိတာရှိပါတယ်။ ဒါလေး ၃ ချက်ကို အခြေခံပြီး

တော့ ကျွန်တော်ယခုမေးမြန်းချင်တဲ့မေးခွန်းကတော့ သန်း ၁၀ ဂဏန်းမျှရှိတဲ့ GSM/CDMA လက်ကိုင်ဖုန်းများရဲ့ ပြောဆိုဆက်သွယ်ခကို ၁ မိနစ်လျှင် ၅၀ ကျပ်နှုန်းမှနေပြီးတော့ ၅ ကျပ်နှုန်းသို့ လျှော့ချပေးရန် (က) လက်ကမ်းအဆိုပြုလာသည့် ကုမ္ပဏီများရှိ/မရှိ။ ဒါကျွန်တော်တို့ ကုမ္ပဏီကြီးတွေကို ပြည်သူကအားကိုးတယ်သဘောထားပါ။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ကဦးဆောင်ပြီးတော့ လျှော့ချသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ။ ကျွန်တော်တို့အစိုးရပိုင်ကော်ပိုရေး ရှင်းကြီးတွေကိုလည်း ကျွန်တော်တို့ပြည်သူတွေက ယုံကြည်ကိုးစားတဲ့ သဘောတရားနဲ့ မျှော်လင့်ချက်နဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်၏ မေးခွန်းအား ကျွန်တော်မှ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးဦးကြည်မြင့်ရဲ့ ရှင်းလင်းပြောကြားချက်က မှန်ကန်ပါတယ်ခင်ဗျား။ Economic Of Scale နဲ့ ကျွန်တော်တို့အရင်းကြေကာလပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ Subscription Rate နဲ့ Airtime နဲ့သတ်မှတ်ကြလေ့ရှိပါတယ်ခင်ဗျား။ ရှိတဲ့အခါမှာ အခုလက်ရှိကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကျွန်တော်တို့ Statistic အရပေါ့။ ကျွန်တော်တို့နိုင်ငံနဲ့ GDP မကွာခြားတဲ့နိုင်ငံတွေ ကျွန်တော် တို့နိုင်ငံနဲ့ လူဦးရေမကွာခြားတဲ့နိုင်ငံတွေမှာဆိုလို့ရှိရင် ကျွန်တော်တို့ဒီတယ်လီဖုန်းပြောဆိုခ ၁ မိနစ်နှုန်းဟာ ကျွန်တော်တို့လက်ရှိ ၅၀ ကျပ်နှုန်းထက် ၂ ဆ၊ တချို့နိုင်ငံမှာ ၃ ဆအထိ လျှော့ချပြီးတော့ တောင်းဆိုကောက်ခံနေတာ တွေ့ရှိရပါတယ်ခင်ဗျား။ ကျွန်တော်တို့ထက်ပိုပြီးတော့ လူဦးရေများပြားစွာရှိတဲ့ သန်းရာနှင့်ချီတဲ့နိုင်ငံတွေမှာဆိုရင် ဒီထက်နည်းကြောင်းတွေ့ရှိရပါတယ်။ GDP အပေါ်မှာလည်းမူတည်ကြောင်းတွေ့ရှိရပါတယ်ခင်ဗျား။ အဲ့ဒီတော့ လက်ရှိ ဦးကြည်မြင့်ရဲ့မေးခွန်းမှာ ပါတဲ့သန်း ၁၀ ဂဏန်းမျှရှိတဲ့ GSM/CDMA လက်ကိုင်ဖုန်းများ ပြောဆိုဆက်သွယ်ခကို ၁ မိနစ် ၅၀ ကျပ်နှုန်းမှ ၅ ကျပ်နှုန်းသို့ လျှော့ပေးရန်ကမ်းလှမ်းအဆိုပြုသည့် ကုမ္ပဏီများ ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ယခုထိတော့ ၅ ကျပ်ထိလျှော့ချပြီးတော့ ဆောင်ရွက်ချင်တယ်ဆိုတဲ့ ကုမ္ပဏီ

ကမ်းလှမ်းချက် မရှိသေးပါဘူးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ ဒီဈေးနှုန်းနဲ့ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ခုနက Telecom Liberalization နဲ့ Reform Plan အရ ဆက်သွယ်ရေးဝန်ကြီးဌာနမှာ ကျွန်တော်တို့နောက်ပိုင်းမှာ ၃ ပိုင်းကွဲပြားသွားမှာဖြစ်ပါတယ်။ ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ပေါ်လစီနဲ့မူဝါဒတွေကိုချမှတ်ပြီးတော့ Operator ၄ ဦးအား Independent Private ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သူတို့တွေဟာကိုယ်စားလှယ်တော်ကြီး ဦးကြည်မြင့် ခုနက ရှင်းလင်းပြောပြသွားသလို ပြည်သူတွေအတွက် ထိုက်တန်တဲ့ဝန်ဆောင်မှုနှင့် နှုန်းထားပေါ့။ သင့်တင့်တဲ့ မျှတတဲ့နှုန်းထားကို ဖြစ်ဖို့အတွက် Regulator ကနေပြီးတော့ ကျွန်တော်တို့ ထိန်းကျောင်းသွားမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ဆက်သွယ်ရေးဝန်ကြီးဌာန အနေနဲ့ ခုနကပြောတဲ့ ပေါ်လစီနှင့်မူဝါဒကို ထိန်းချုပ်ချမှတ်တဲ့အခါမှာ ပြည်သူပြည်သားများအတွက် အကျိုးရှိမယ့်နှုန်းထား ဖြစ်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် နှစ်လယ်လောက်မှာ လုပ်ငန်းဆောင်ရွက်ကြမယ့် Operator ၄ ဦးထိ ဖြစ်လာမှာဖြစ်ပါတယ်ခင်ဗျား။ ဈေးကွက်ယှဉ်ပြိုင်မှုဖန်တီးပေးမှာ ဖြစ်တဲ့ အတွက်ကြောင့် ဈေးကွက်ယှဉ်ပြိုင်မှု ဖန်တီးပေးမှာ ဖြစ်တဲ့အတွက်ကြောင့် ဈေးကွက်ယှဉ်ပြိုင်မှုရဲ့ သဘောတရားအရ ကျွန်တော်တို့ Quality နဲ့ ဈေးနှုန်းကိုအပြိုင်အဆိုင်လျှော့ချပြီးတော့ စွဲဆောင်မှု လုပ်လာကြမှာဖြစ်ပါတယ်။ ယခုအချိန်ထိ ၅ ကျပ်နှုန်းထိ ကမ်းလှမ်းအဆိုလာတဲ့ကုမ္ပဏီ များမရှိသေးသည့်တိုင် အပြိုင်အဆိုင်လုပ်လာကြမယ့် ကုမ္ပဏီ ၄ ခုအနေနဲ့ ပြိုင်ဆိုင်မှုရဲ့ သဘောတရားအရ တစ်ချိန်ပြီးတစ်ချိန်ဈေးနှုန်းကျဆင်းလာမှာတော့ အမှန်ဖြစ်ပါတယ်။ တစ်ချိန်ချိန်မှာတော့ ၅ ကျပ်အထိ ကျဆင်းကောင်းကျဆင်းနိုင်ပါလိမ့်မယ်ခင်ဗျား။ သို့ပေမယ့် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့တော့ လွတ်လပ်စွာဈေးကွက်ယှဉ်ပြိုင်မှုအရ ဈေးနှုန်းကိစ္စကို ကျွန်တော်တို့အနေနဲ့ ထိန်းချုပ်မှာမဟုတ်ပါဘူး ခင်ဗျား။ သူတို့အနေနဲ့ လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ပေးမှာဖြစ်ပါတယ်ခင်ဗျား။ ဒါ ပထမမေးခွန်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ တယ်လီဖုန်းခေါ်ဆိုခကို အခြားအိမ်နီးချင်းနိုင်ငံများ ဦးဆောင်၍ လျှော့ချသတ်မှတ်ပေးရန်အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ယခုအခြေအနေမှာ ကျွန်တော့်တို့အနေနဲ့ ဝန်ခံရမယ်ဆိုရင် တယ်လီဖုန်းပြောဆိုခတွင်မကပဲနဲ့ အခြားကောက်ခံတဲ့အခွန်အခများဟာ ခေတ်နဲ့ လျော်ညီမှု မရှိတော့ပါဘူး။ အဲ့ဒီအတွက် ခေတ်နှင့်လျော်ညီမှုရှိစေရန် အပြင်အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပြီးတော့ ကွာဟချက်နည်းပါးမှုအတွက် ကျွန်တော်တို့ပြန်လည်သုံးသပ် ပြင်ဆင်ပြီးဆောင်ရွက်

လျက်ရှိပါတယ်။ ခေါ်ဆိုခနှုန်းထားများကို လျှော့ချဆောင်ရွက်ခြင်းကို ယခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မှာဆောင်ရွက်သွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆွမ္မရာမြို့နယ်ခွဲ၊ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲ များတွင် မိုဘိုင်းဆက်သွယ်ရေး တယ်လီဖုန်းများချထား ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် နာဂဒေသမြို့နယ်ခွဲများမှာ မိုဘိုင်းဆက်သွယ်ရေး စနစ်ချထားပေးနိုင်ရေးအတွက် ကျိုးကြောင်းဆက်စပ်မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ နာဂဒေသဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးနယ်စပ်၊ နယ်စပ်ကျောက်တိုင်အမှတ် (၁၁၃) ကနေပြီး တော့ ကချင်ပြည်နယ်၊ ပူတာအိုနယ်စပ်၊ နယ်စပ်ကျောက်တိုင် (၁၈၂) အထိ၊ နယ်စပ်ကျောက်တိုင် ၆၉ အတွင်း မှာရှိသော ဒေသဖြစ်ပါတယ်။ တောင်နှင့်မြောက် မိုင်ပေါင်း ၄၀၀ ကျော်ကွာဝေးပြီးတော့မှ ဧရိယာ စတုရန်းမိုင်ပေါင်း ၅၁၆၈ စတုရန်းမိုင်အတွင်းမှာရှိပါတယ်။ နိုင်ငံတော်အကြီးအကဲများအနေနဲ့ နယ်စပ် ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားပုံမှန် လည်ပတ်နိုင်ရေး တို့အတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မြို့နယ် ၃ ခု၊ မြို့နယ်ခွဲ ၅ ခုနှင့် ဖွဲ့စည်းပေးပြီးတော့မှ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ဒီနာဂဒေသမြို့နယ် ၃ ခုနှင့် မြို့နယ်ခွဲ ၅ ခုဟာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲအရ တစ်မြို့နယ်နှင့် တစ်မြို့နယ်၊ မြို့နယ်ခွဲ တစ်ခုနှင့်တစ်ခုဟာ လမ်းပန်းဆက်သွယ်ရေးပေါက်ရောက်မှု မရှိသေးပါဘူး။ ၎င်းဒေသရဲ့ ထူးခြားမှု ဖြစ်စဉ်များ၊ နယ်မြေဒေသဖွံ့ဖြိုးရေးစာရင်းဇယားများနှင့် အဲ့ဒီမှာတာဝန်ထမ်းဆောင်နေတဲ့နိုင်ငံ့ ဝန်ထမ်းများ၊ ပြည်သူလူထုများရဲ့ ဆက်သွယ်ရေးဟာ အင်မတန်အရေးကြီးပါတယ်။ သို့ဖြစ်တဲ့အတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်ခွဲ ၄ ခုဖြစ်တဲ့ ဆွမ္မရာမြို့နယ်ခွဲ၊ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ဒုံဟီး မြို့နယ်ခွဲနှင့် ထန်ပါခွေမြို့နယ်ခွဲတို့မှာ ဆက်သွယ်ရေးတယ်လီဖုန်း မရှိသေးတဲ့အတွက် ကျန်မြို့နယ်ခွဲ

မြို့နယ်တွေနဲ့ဆက်သွယ်ဖို့ရာအတွက် မိုဘိုင်းတယ်လီဖုန်းများ ချထားပေးနိုင်ရေးအတွက် ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆွမ္မရာမြို့နယ်ခွဲ၊ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲတို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မိုဘိုင်းဆက်သွယ်ရေးတယ်လီဖုန်းများ ချထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါတယ်။ တကယ်လို့ချထားပေးမယ်ဆို့လို့ရှိရင်လည်းပဲ ကျန်တဲ့မြို့နယ်၊ မြို့နယ်ခွဲတွေမှာ လက်ရှိချထားပေးတဲ့ ဆက်သွယ်ရေးစနစ်အမျိုးအစား ချထားပေးခြင်းအားဖြင့် တယ်လီဖုန်း ၂ လုံး၊ ၃ လုံးကိုင်ဆောင်ပြီးတော့မှ အမျိုးမျိုးသုံးစွဲရတဲ့စနစ်မဖြစ်အောင် ချထားပေးနိုင်ရေးအတွက် တင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ□ဌ။** ။ တယ်လီဖုန်း ၃ လုံး၊ ၂ လုံးမလိုချင်ဘူး။ ၁ လုံးတည်းနဲ့ အားလုံးအလုပ်ဖြစ် အောင်တောင်းတာ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရှိသီး၏မေးခွန်းအား ကျွန်တော်မှဆက်လက် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့လက်ရှိဆောင်ရွက်နေတဲ့ Liberalization Process အရ ကျွန်တော်တို့ Independent Operator ၄ ဦးဖြစ်ပေါ်လာမှာဖြစ်ပါတယ်ခင်ဗျား။ ဒီ ၄ ဦးကို ကျွန်တော်တို့ ပြည်သူများတောင့်တတဲ့ Quality ကောင်းတဲ့ နိုင်ငံတကာနှုန်းထားလို သက်သာတဲ့ နှုန်းထားတွေဖြစ်ဖို့ အတွက် ကျွန်တော်တို့ ဆက်သွယ်ရေးဝန်ကြီးဌာနက မူဝါဒနှင့် ပေါ်လစီကိုကိုင်တွယ်ပြီးတော့ Regulator ကနေပြီးတော့ ထိန်းကျောင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ခုနက လွှတ်တော်ဥက္ကဋ္ဌကြီးအမိန့်ရှိတာနှင့် နောက်ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိတဲ့အတိုင်း လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ ဆက်သွယ်ရေးစနစ် မျိုးစုံဖြစ်တဲ့အတွက်ကြောင့် တယ်လီဖုန်း ၂ လုံး၊ ၃ လုံး တစ်ခါတစ်ရံ ၄ လုံးအထိကိုင်တွယ်နေရတာရှိပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ နောက်ပိုင်း ဆက်သွယ် တဲ့အခါမှာ နိုင်ငံတကာအထိဆက်သွယ်ဖို့ အဆင်ပြေတဲ့ International Standard ပေါ့ခင်ဗျား။ အဲ့ဒီဆက်သွယ်ရေးနည်းပညာသုံးတဲ့စနစ်ကိုပဲ ကျွန်တော်တို့ ဦးစားပေးပြီးတော့ ဆောင်ရွက်ဖို့ ကျွန်တော်တို့ဆက်သွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားထားပါတယ်ခင်ဗျား။ အော်ပရေတာတွေကို

အဲ့ဒီတော့နောက်တည်ဆောက်မယ့် အော်ပရေတာတွေအနေနဲ့ အဲ့ဒီစနစ် တစ်ကမ္ဘာလုံးအနေနဲ့ Future မှာဖြစ်ပေါ်လာမယ့်စနစ်ကို အသုံးပြုကြမှာဖြစ်ပါတယ်။ အဲ့ဒီအချိန် ကျလို့ရှိရင်တော့ ကျွန်တော်တို့ အခု ၂ လုံး၊ ၃ လုံး ကိုင်တွယ်ရတဲ့ဒုက္ခက ကင်းဝေးသွားနိုင်မယ်လို့ ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယအချက်ကတော့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်ခွဲများမှာ တယ်လီဖုန်းချပေးရေးကိစ္စက ကျွန်တော်တို့ခုနက ရှေ့ပိုင်းမေးခွန်းတွေ ဖြေကြားတဲ့အချိန်မှာတင်ပြခဲ့သလို ကျွန်တော်တို့ အော်ပရေတာများကို ကျွန်တော်တို့အနေနဲ့ သူတို့ရဲ့ နောက်ပိုင်းဆောင်ရွက်မယ့် စီမံကိန်းတွေမှာ ထည့်သွင်းဆောင်ရွက်သွားဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ တိုက်တွန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒါအပြင် ကျွန်တော်တို့အနေနဲ့ အော်ပရေတာများကို သူတို့ရဲ့လိုင်စင်ကန့်သတ်ချက်မှာ ကျွန်တော်တို့အနေနဲ့ ကြိုတင်ပြီးတော့ သတ်မှတ်ထားတဲ့ ကန့်သတ်ချက်တစ်ခုကတော့ ၅ နှစ်အတွင်းမှာ **Service Coverage** နိုင်ငံတစ်နိုင်ငံ **Service Coverage** ၇၅ ရာခိုင်နှုန်း အနည်းဆုံးလွှမ်းခြုံရပါမယ်။ လူဦးရေ **Population Coverage** ၉၂ ရာခိုင်နှုန်း အနည်းဆုံး လွှမ်းခြုံနိုင်ရမှာဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒီတော့ သူတို့ရဲ့ ဒီ Commitment တွေကို ဒီအတိုင်း ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့က ဒီဒေသကို ပါဝင်သွားဖို့အတွက် ဦးစားပေးဆောင်ရွက်ဖို့ အတွက် ကျွန်တော်တို့အနေနဲ့တိုက်တွန်းသွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ချီဖွေမြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ကို မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်သို့တိုးမြှင့်ပေးရန်နှင့် လုံခြုံမှုမရှိသောဘဏ်အဆောက်အဦကို အသစ်ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များအားလုံးကို မင်္ဂလာပါလို့ ပထမဦးဆုံးနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ဖြစ်ပါတယ်။ ကျွန်တော်မှ ပြည်သူများရဲ့ ကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းလိုတဲ့အချက်မှာ နိုင်ငံတော်သည် အဘက်ဘက်မှ ဘက်စုံပြောင်းလဲနေသည့်ကာလနဲ့အညီ ချီဖွေမြို့နယ်အတွင်းရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တွေ

နယ်စပ်ဒေသမြို့နယ်များဖြစ်တဲ့ ပန်ဝါ၊ ချီဖွေ၊ ဆော့လော်မြို့နယ်များရဲ့ နိုင်ငံတော်အစိုးရအဖွဲ့များမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများရဲ့ဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ ပြည်သူများရဲ့ငွေကြေးများသော်လည်းကောင်း၊ ထိုဒေသများရဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့လစာနှစ်ဆများကိုလည်း လည်ပတ်သုံးစွဲနေတဲ့ မြို့နယ်ဘဏ်ခွဲတစ်ခုဖြစ်သည်နှင့်အညီ ဘဏ်တွင်ငွေကြေးလည်ပတ်မှုများ များပြားလာပါတယ်။ သို့သော် အဆိုပါမြို့နယ် ၃ မြို့နယ်မှ အသုံးပြုနေတဲ့ ချီဖွေမြို့နယ်တွင်ရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲရုံးအဆောက်အဦဟာ တော်တော်လေးကို ဟောင်းနွမ်းပျက်စီးပြီး မျက်နှာကျက်တွေပါ အကုန်လုံးတွဲလောင်းကြီးနဲ့ အကုန်လုံး ထရံတွေလည်းအဖာအထေးတွေနဲ့ဖြစ်နေတဲ့အတိုင်းအတာဖြစ်ပါတယ်။ ဒါကြောင့်မို့ မေးမြန်းလိုတဲ့အချက်က သို့ဖြစ်ပါ၍ လုံခြုံမှုမရှိတဲ့အဆိုပါငွေတိုက်ခွဲဘဏ်အဆောက်အဦအား အသစ်ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် နံပါတ်(၂) အနေနဲ့ ချီဖွေမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲ သုံးမြို့နယ်သုံးစွဲနေတဲ့ မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲကို မြန်မာ့စီးပွားရေးဘဏ်ခွဲအဖြစ် အဆင့်တိုးမြှင့်ဖို့အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ မောင်မောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖုံးတိန့်ရဲ့မေးခွန်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းမှဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ နှစ်ပိုင်းပါပါတယ်။ ပထမပိုင်းကတော့ ချီဖွေမှာရှိနေတဲ့ငွေတိုက်ခွဲဟာ လုံခြုံမှုမကောင်းတော့တဲ့အတွက်ကြောင့် ပြင်ဆင်ပေးဖို့အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ထောက်ပြချက်ကို ကျွန်တော်တို့ လွန်စွာကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်းပဲ ဒီငွေတိုက်ကိုပြန်ကြည့်တဲ့အခါမှာ ဒီငွေတိုက်ဟာ ၁၉၉၀ ကစပြီးဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ထို့ကြောင့် လုံခြုံရေးအခြေအနေမကောင်းတော့တဲ့အတွက်ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ဘဏ္ဍာငွေမှာတင်ပြပြီးတော့ အသစ်ဆောက်ပေးသွားဖို့အစီအစဉ်ရှိကြောင်း ဖြေဆိုအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ငွေတိုက်ကို ဘဏ်အဆင့်တိုးမြှင့်ဖို့ကိစ္စလည်း ကျွန်တော်တို့စိစစ်ကြည့်ပါတယ်။ စိစစ်ကြည့်တဲ့အခါမှာ ငွေတိုက်ကနေပြီး ဘဏ်အဆင့်မြှင့်ဖို့အတွက်က စီးပွားရေးအခြေအနေတွေပါ အကုန်ထည့်သွင်းကြည့်ပြီးမှလုပ်ရတဲ့အနေအထားရှိပါတယ်။ စိစစ်ကြည့်တဲ့အခါမှာ တွေ့ရှိတဲ့အချက်ကတော့ ချီဖွေမှာ လောလောဆယ်ငွေချေးတာမရှိသေးပါဘူးခင်ဗျား။ ငွေချေးတာတွေဘာတွေရှိလာတယ်။ ပြီးတော့ ဒီထက်တိုးတက်လာတဲ့တစ်နေ့မှာတော့ ချီဖွေမှာရှိတဲ့ငွေတိုက်ခွဲကို ဘဏ်အဖြစ်နဲ့အဆင့်တိုးမြှင့်သွားမည်ဖြစ်တဲ့အကြောင်း လေးစားစွာဖြေဆိုအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ခမ်းပတ်မြို့နယ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနဲ့ သက်ဆိုင်သောမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်တွင် ပါဝင်သော ခမ်းပတ်မြို့နယ်ခွဲသည် အစိုးရဌာနဆိုင်ရာများ၊ ကျောင်းများ၊ စာစစ်ဌာနများ၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်းနှင့် တပ်မတော်ရှေ့တန်းရုံးများလည်းပဲ တည်ရှိတဲ့ဒေသဖြစ်ပါတယ်။ ဝန်ထမ်းများ၊ ပင်စင်စားများနှင့် ကုန်သွယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြသူများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ကြသူအများအပြားလည်းပဲရှိတဲ့ဒေသဖြစ်ပါတယ်။ လစာနှင့် ပင်စင်ထုတ်ယူခြင်း၊ ငွေလွှဲ/ငွေလက်ခံဆောင်ရွက်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ကြတဲ့အခါမှာ ခမ်းပတ်မြို့ကနေ ၃၅ မိုင်ဝေးကွာတဲ့ တမူးမြို့သို့လည်းကောင်း၊ မိုင် ၅၀ နီးပါးဝေးကွာတဲ့ ကလေးမြို့သို့လည်းကောင်း သွားရောက်ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ သို့ပါ၍ ခမ်းပတ်မြို့နယ်ခွဲမှာ မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခုဖွင့်လှစ်ပေးဖို့အတွက် ဒေသခံပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များနဲ့တွေ့ဆုံပွဲမှာ တင်ပြလာကြတဲ့အတွက် ယခုမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ မေးခွန်းကတော့ တမူးခရိုင်၊ ခမ်းပတ်မြို့နယ်ခွဲမှာ မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခုဖွင့်လှစ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရှိလို

ပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ မောင်မောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)။** ။ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရွှေရဲ့မေးခွန်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းမှပဲဖြေဆိုပေးသွားမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ နယ်စပ်ဒေသတွေ၊ မဖွံ့ဖြိုးသေးတဲ့တောင်တန်းဒေသတွေအပါအဝင် ထိုဒေသများမှာ ဘဏ်ခွဲများ၊ ငွေတိုက်ခွဲများဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စုစုပေါင်း ယခုဖွင့်လှစ်ထားတာဆိုလို့ရှိရင် ၃၁၀ ရှိပါတယ်။ နောက်ထပ်လည်းပဲ တိုးချဲ့ဖွင့်လှစ်သွားမယ့်အစီအစဉ်တွေရှိပါတယ်။ အဲ့လို တိုးချဲ့ဖွင့်လှစ်သွားတဲ့ အခါမှာတော့ အချက်ပေါင်းများစွာကိုမူတည်စဉ်းစားရပါတယ်။ လုံခြုံရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ဆက်သွယ်ရေးစသည်ဖြင့် လျှပ်စစ်မီးခြုံငုံစဉ်းစားပြီးတော့မှ ဦးစားပေးပြီးတော့ လုပ်သွားတဲ့ အနေအထားတွေရှိပါတယ်။ ရှိတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ကိုပြန်ကြည့်တဲ့အခါမှာ ခမ်းပတ်မြို့ဟာ တမူးမြို့နဲ့ မိုင် ၃၀ ကျော် ၃၆ မိုင်လောက်ဝေးပြီး တော့ ကလေးမြို့နဲ့ဆို မိုင် ၄၀ ကျော် ၄၅ မိုင်လောက်ဝေးပါတယ်။ ခမ်းပတ်မြို့နယ်မှာ နိုင်ငံပိုင် အဖွဲ့အစည်း၊ အစိုးရဌာန ၁၈ ခုရှိပါတယ်ခင်ဗျား။ ၁၈ ခုအနက်က ၂ ခုကတော့ တမူးမှာပဲ ငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ပြီးတော့ ကျန်တဲ့ ၁၆ ခုကတော့ သူတို့သက်ဆိုင်ရာအဖွဲ့အစည်းကမှ တစ်ဆင့် လစာထုတ်တဲ့လုပ်ငန်းတွေကိုလုပ်ပါတယ်။ နောက်ခမ်းပတ်မြို့နယ်မှာ ပင်စင်စား ၃၀၀ ကျော် လောက်ရှိပါတယ်ခင်ဗျား။ နောက် ခမ်းပတ်ကနေပြီးတော့ ငွေစုဘဏ်သွားဖွင့်ထားတဲ့ ငွေစုထားတဲ့ အရေအတွက်က ၁၀၀ ပဲရှိပါတယ်ခင်ဗျား။ ငွေစာရင်းရှင်ဖွင့်တဲ့သူက ၁ ဦးပဲရှိပါသေးတယ်။ ရှိသေးတဲ့ အတွက် လောလောဆယ်မှာတော့ ဆက်သွယ်ရေးနှင့် လျှပ်စစ်မီးအကန့်အသတ်တွေလည်းရှိတဲ့ အတွက်ကြောင့် ခမ်းပတ်မှာ ဖွင့်ဖို့ အစီအစဉ်မရှိသေးပါဘူး။ သို့သော်လည်း ဒါကိုလည်း ကျွန်တော်တို့ အနီးကပ်စောင့်ကြည့်နေပြီးတော့ အခြေအနေကောင်းသည်နဲ့အမျှ ဖွင့်ပေးသွားမှာဖြစ်တဲ့အကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ငွေအကြွေစေ့များပြန်လည်သုံးစွဲလာရန်နှင့် ငွေစက္ကူတစ်ကျပ်၊ ငါးကျပ်၊ တစ်ဆယ်ကျပ်၊ ငါးဆယ်ကျပ်၊ တစ်ရာကျပ်တန်များအား လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့်ထုတ်ရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကို လေ့လာရေး ရောက်ရှိလာသော အထူးဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆင်းရဲနွမ်းပါးသော ဝင်ငွေနည်းသော ပြည်သူများနဲ့ ကျောင်းသားကျောင်းသူလူငယ်လေးများရဲ့ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ရည်ရွယ်ချက်ကတော့ ကျောင်းသားကျောင်းသူ များ ကျောင်းမှာ စာသာသင်ရပြီးတော့ လက်တွေ့အသုံးချခွင့် မရရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ လက်တွေ့ အသုံးချခွင့်ရရှိရေး၊ နောက်တစ်ခါ ဝင်ငွေနည်း မိသားစုဝင်များအတွက် ထွက်ငွေ ဝင်ငွေများကို ထိန်းညှိနိုင်ပြီးတော့ ပိုငွေများ စုဆောင်းနိုင်ရေးကုန်ဈေးနှုန်းကြီးမြင့်မှုအား တစ်ဖက်တစ်လမ်းမှ ထိန်းညှိနိုင်ရေးကို ရည်ရွယ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်ဆိုတာကို ရှာဖွေခြင်းမဟုတ်ပါဘူး။ ဒါတွေကို နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လက်လီလက်ကား စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများပါဝင် ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လေးစားရပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ငွေအကြွေများ ဖြစ်သော ငါးပြား၊ ဆယ်ပြား၊ နှစ်ဆယ့်ငါးပြား၊ ငါးဆယ်ပြား၊ တစ်ကျပ်စသည့်အကြွေများ၊ နိုင်ငံတော် တွင် ပြန်လည်သုံးစွဲလာရန် ရှင်သန်မှုပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ငွေစက္ကူတစ်ကျပ်၊ ငါးကျပ်၊ တစ်ဆယ်ကျပ်၊ ငါးဆယ်ကျပ်၊ တစ်ရာကျပ်တန်များ အား လုံလောက်စွာ လည်ပတ်သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် လုံလောက်စွာ ထုတ်ပေးနိုင် ရန် အစီအစဉ် ရှိ/မရှိ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက် ပေးမည်၊ ဆောင်ရွက်ပေးနိုင်မှုမရှိပါက အဘယ်ကြောင့် ဆောင်ရွက်ပေးနိုင်မှုမရှိကြောင်းကို ပြည်သူ့

လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ မောင်မောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့ မေးမြန်းချက်ကို ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော်ပဲ ဖြေပေးသွားမှာ ဖြစ်ပါတယ်။ မေးမြန်းချက်မှာ ပထမမေးမြန်းချက်က ငွေအကြွေ ငါးပြား၊ ဆယ်ပြား၊ တစ်မတ်စသည်ဖြင့် ငွေအကြွေများကို သုံးစွဲအနေအထား ဒါကို ပြန်လည်ရှင်သန်လာအောင် လုပ်ပေးနိုင်မယ့် အနေအထားကို မေးထားပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ နိုင်ငံတော်ပိုင် ဘဏ်တွေအားလုံးမှာ ငွေအကြွေတွေအလုံအလောက်ရှိနေပါတယ်။ တကယ်တမ်းဒါကို မသုံးကြတာ တော့ ပြည်သူလူထုရဲ့ ရွေးချယ်မှုလို့ထင်ပါတယ်။ တကယ်လို့ သုံးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ဒီငွေအကြွေတွေကို အလုံအလောက်ပေးလို့ရပါတယ်ဆိုတဲ့အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ကတော့ တန်ဖိုးနည်းငွေစက္ကူဖြစ်တဲ့ တစ်ကျပ်တို့၊ ငါးကျပ်တို့၊ တစ်ဆယ်တို့၊ ငါးဆယ်တို့၊ တစ်ရာတို့ အဲဒါတွေကို လုံလောက်စွာ ထုတ်ပေးဖို့အနေအထားကို မေးထားတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ နိုင်ငံတော်ပိုင်ဘဏ်တွေမှာ ငွေစက္ကူတန်ဖိုးနည်း တွေဟာ အလုံအလောက်ရှိနေပါတယ်။ လဲလှယ်ပေးလျက်လည်း ရှိနေပါတယ်။ နောက်တစ်ခါ ဟောင်းနွမ်းသွားတဲ့ ငွေစက္ကူတန်ဖိုးနည်းများကိုလည်း ကျွန်တော်တို့ လဲလှယ်ပေးလျက်ရှိပါတယ်။ လစာထုတ်ပေးတဲ့ အခါမှာလည်း ဒါတွေကို ကျွန်တော်တို့ ထည့်သွင်းပြီးတော့ ထုတ်ပေးလျက် ရှိပါတယ်။ ဒီအပြင် ကျွန်တော်တို့ အဲဒီငွေစက္ကူနဲ့ပတ်သက်ပြီးတော့ ဗဟိုဘဏ်ကနေပြီးတော့ ထုတ်ဝေထားတာတွေကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ကျွန်တော် တင်ပြအစီရင်ခံ ချင်ပါတယ်။ ၂၀၀၉-၂၀၁၀ မှာ ၁၀ ဘီလီယံ ကျွန်တော်တို့ တန်ဖိုးနည်းငွေစက္ကူတွေကို ထုတ်ခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ မှာ ၅၈ ဘီလီယံ၊ ၂၀၁၁-၂၀၁၂ ၁၁၃ မှာ ဘီလီယံ ၊ ၂၀၁၂-၂၀၁၃ မှာ ၅၃ ဘီလီယံ စုစုပေါင်း လေးနှစ်တာကာလအတွင်းမှာ ၂၃၄ ဘီလီယံကျော် အကြမ်းဖျင်းကျွန်တော်တို့ ပြောမယ် ဆိုရင် ပျမ်းမျှတစ်နှစ်ကို ၅၈ ဘီလီယံလောက် ထုတ်ပေးလျက်ရှိပါကြောင်း လေးစားစွာ တင်ပြဖြေ ဆိုအပ်ပါတယ်။ (သြဘာသံများ)

**ပုဂ္ဂလိကပိုင်အဆောက်အဦများကို ဌာနဆိုင်ရာများမှငှားရမ်းသုံးစွဲရာတွင် အိမ်ငှားခနှုန်းထားများကို ယနေ့ခေတ်ကုန်ဈေးနှုန်းများနှင့်လျော်ညီသော နှုန်းထားကိုပေးခဲ့ခြင်းမရှိသောကြောင့် ပြည်သူများ၏ အနိုင်ကျင့်ခံရသော တင်ပြချက်အပေါ် ကူညီဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာ ခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တံခါး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အနိုင်ကျင့်ခံနေရပါသည်ဆိုသော ပြည်သူတို့၏ တင်ပြချက်နှင့်ပတ်သက်၍ မေးခွန်း တစ်ခု မေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ယခင့်ယခင်အစိုးရလက်ထက် ကတည်းက ပုဂ္ဂလိကပိုင် အဆောက်အဦများကို ဌာနဆိုင်ရာများမှ ငှားရမ်းသုံးစွဲခဲ့ပါတယ်။ ထိုသို့ ငှားရမ်းသုံးစွဲရာတွင် အိမ်ငှားခ လစာနှုန်းထားများကို ယခင်ငှားရမ်းစဉ်က နှုန်းထားများနှင့်သာ ပေးချေခဲ့ပြီး အဆောက်အဦးပိုင်ရှင်မှ လစာတိုးတောင်းသောအခါကျမှ အထက်ကိုတင်ပြပြီးတိုးပေးခဲ့သော်လည်းပဲ ယနေ့ခေတ် ကုန်ဈေးနှုန်း များနှင့်လျော်ညီသော နှုန်းထားကို ပေးခဲ့ခြင်းမရှိပါ။ ထိုအခါ အဆောက်အဦးပိုင်ရှင်မှ ခေတ်နဲ့လျော်ညီ သော နှုန်းထားမပေးနိုင်လျှင် ပြောင်းရွှေ့ပေးပါရန် တင်ပြသောအခါတွင်လည်း အချို့ဌာနဆိုင်ရာ များသည် မိမိတို့ ပြောင်းရွှေ့ရန် နေရာရှိလျက်နှင့် တမင်အနိုင်ကျင့်သော နည်းလမ်းဖြင့် ဖယ်မပေးဘဲ လစာနှုန်းထားကိုလည်း တိုးမပေးဘဲ အနိုင်ကျင့်လျက်ရှိနေသည်ကို ပြည်သူများ ခံစားနေကြရပါသည်။ အစိုးရဌာနနှင့် ဖြစ်နေသဖြင့် မည်သည့်နေရာ သို့မှလည်း မတိုင်တန်းရဲ တရားလည်း မစွဲရဲဘဲ အကြောက်တရားနဲ့နေခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ သာဓကတစ်ခုအနေနဲ့ ကျွန်တော်တို့ ကျောက်တံခါးမြို့နယ်၊ ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်အဆောက်အဦသည် ပိုင်ရှင်ထံမှ နှစ်ပေါင်း လေးဆယ်နီးပါးခန့် ငှားရမ်းသုံးစွဲခဲ့ပါသည်။ စတင်၍ ငှားရမ်းစဉ်အခါက တစ်လလျှင် ၁၂၅ ကျပ်နှုန်းဖြင့် ငှားရမ်းခဲ့ပါသည်။ နောက်တဖြည်းဖြည်းတိုးပေးလာခဲ့ရာ အခုအချိန် တွင် တစ်လလျှင် ၁၆၅၀၀ ကျပ်ဖြင့် လစာပေးထားခဲ့ပါတယ်။ တစ်လလျှင် ၁၆၅၀၀ ဆိုသည်မှာ တစ်ရက်လျှင် ၅၅၀ ကျပ်ခန့်မျှသာ ဖြစ်ပါသဖြင့် အဆောက်အဦပိုင်ရှင်ဖြစ်သော ဒေါ်ရင်ခွဲ့ အသက်

၇၅ နှစ်နှင့် ဒေါ်ခင်ရီ ၆၉ နှစ် အိမ်ထောင်မရှိသူ အပျိုကြီးနှစ်ဦးအတွက် လုပ်ကိုင်ကျွေးမွေးသူများလည်းမရှိပါသဖြင့် စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေးအစရှိသည်တို့ကို ဖြေရှင်းနိုင်ရန် မည်သို့မျှ မဖြစ်နိုင်ပါ။ သို့ဖြစ်ပါ၍ အဆောက်အဦပိုင်ရှင် ညီအမနှစ်ဦးမှ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာထံ ယနေ့ခေတ်နှင့်လျော်ညီသော နှုန်းထားဖြင့် ငှားရမ်းခ တိုးပေးနိုင်က တိုးပေးရန်နှင့် မတိုးပေးနိုင်ပါက မြန်မာ့စီးပွားရေးဘဏ်မှ ကျောက်တံခါးမြို့ ရုံးပေါင်းစုံလမ်းထဲရှိ ၎င်းတို့ဘဏ်တွင် အပေါင်ဆုံးထားသော နေအိမ်သို့ ပြောင်းရွှေ့မည်ဆိုပါက အမြန်ဆုံးပြောင်းရွှေ့ဖယ်ရှားပေးပါရန် အကူအညီတောင်းခံ တင်ပြပါသော်လည်း အထက်သို့ ဆက်လက်တင်ပြပေးမည်ဟုဆိုကာ ယနေ့အချိန်အထိ မည်သို့မျှ ဆောင်ရွက်ပေးခြင်းမရှိပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၏ အနိုင်ကျင့်ခံရသော တင်ပြချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက အမြန်ဆုံး ဆောင်ရွက်ပေးပါရန် ပြည်သူများ၏ ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်ဆွေရဲ့ မေးခွန်းကို ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်မှပဲ ဖြေပေးသွားမှာ ဖြစ်ပါတယ်။ ဒေါက်တာဦးခင်မောင်ဆွေရဲ့ မေးခွန်းမှာ အနိုင်ကျင့်တယ်ဆိုတဲ့ စကားလည်းပါပါတယ် ခင်ဗျ။ နောက်တစ်ချက်က အဓိကကတော့ ကျောက်တံခါးမှာရှိနေတဲ့ မြန်မာ့စီးပွားရေးဘဏ် ကနေပြီးတော့ ငှားထားတဲ့ အဆောက်အအုံကိစ္စကို အဓိကထားတယ်လို့ ကျွန်တော် ထင်ပါတယ်။ အဲ့ဒါနဲ့ ပတ်သက်လို့ ကျွန်တော်ပြန်လည်ဆန်းစစ်ကြည့်တဲ့အခါမှာ ဒီလက်ရှိပိုင်ရှင် ဒေါ်ခင်ရီကို တစ်လ ၁၆၅၀၀ ပေးပြီးတော့ ငှားနေတယ်ဆိုတာ မှန်ပါတယ်။ အဲဒီလို ၁၆၅၀၀ ပေးပြီးတော့ ပေးတာက လည်းပဲ ၁၅-၅-၂၀၁၂ ခုနှစ်မှာ ဒေါ်ခင်ရီကိုယ်တိုင်က အဲဒီငွေကြေးပမာဏငှားခကို ပေးပါဆိုပြီးတော့ စာနဲ့ရေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပေးထားခြင်းဖြစ်ပါတယ်။ ၁၅-၅-၂၀၁၂ ခုနှစ်ကမှ အဲဒီငွေ ကို ပေးထားတာဖြစ်ပါတယ်။ တကယ်လို့များ ဒေါ်ခင်ရီအနေနဲ့ထပ်ပြီးတော့ လိုချင်တယ်ဆိုရင်လည်းပဲ ကျွန်တော်တို့က ညှိနှိုင်းပေးဖို့အဆင်သင့်ပါပဲ။ နောက်မေးခွန်းတစ်ခုဖြစ်တဲ့ အပေါင်ဆုံးပစ္စည်းကို

ပြောင်းလို့ရ/မရဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ အပေါင်ဆုံးပစ္စည်းက မြို့ရဲ့ပြင်ပမှာလည်းရှိနေ ပါတယ်ခင်ဗျား။ ဟောင်းနွမ်းပျက်စီးနေတာလည်း ဖြစ်တဲ့အတွက်ကြောင့် ဘဏ်တစ်ခုဖွင့်ဖို့လည်း မသင့်တော်ပါဘူး။ အဲဒီအတွက်လည်း ကျွန်တော်တို့ သင့်တော်တဲ့နေမြေနေရာရရင် နိုင်ငံတော် ဘတ်ဂျက်တင်ပြသွားပြီးတော့ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆောက်မပေးနိုင်ခင်မှာတော့ ဒေါ်ခင်ရီရဲ့ ဆန္ဒရှိတယ်ဆိုလို့ရှိရင် သတ်မှတ်ထားတဲ့ကာလပေါက်ဈေးနဲ့ညှိနှိုင်းပြီးတော့ ပေးသွားဖို့အတွက် အဆင်သင့်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အနိုင်ကျင့်တာမဟုတ်ပါဘူး။ နှစ်ဦးသဘောတူပါ။ ဒေါက်တာ ခင်မောင်ဆွေ။ တစ်ခုပဲ ကျွန်တော်က ထပ်ပြီးတော့ မေးချင်ပါတယ်။ ဒီအခု ဘဏ်ပြုလုပ်ထားတဲ့ အဆောက်အဦဟာ ပြည်သူပိုင်အဆောက်အဦလား။ ပြည်သူပိုင်အဆောက်အဦမှာ လုပ်တာလား သို့မဟုတ်ရင် ပိုင်ရှင်နဲ့ နှစ်ဦးသဘောတူညှိပြီးတော့ ပိုင်ရှင်ငှားလို့ ဆောင်ရွက်နေတဲ့ အဆောက်အဦလား။

**ဒေါက်တာ ခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ပုဂ္ဂလိက အဆောက်အဦပါ။

**ဒေါက်တာမောင်မောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ပုဂ္ဂလိက အဆောက်အဦဖြစ်ပါတယ်။ ပြည်သူပိုင်မဟုတ်ပါဘူး။ ဒါဆိုလည်း ဦးခင်မောင်ဆွေ အနိုင်ကျင့်တာမဟုတ်ပါဘူးနော်။ သူတို့ဟိုဘက်စာချုပ်ချုပ်တုန်းကသာ နှစ်ဦးသဘောတူ အမှန်အတိုင်း ဖြစ်ဖို့ပဲ လိုပါတယ်။ ဒါကြောင့်မို့လို့ အခု ဒုတိယဝန်ကြီး ပြန်ကြားချက်လည်း သင့်မြတ်တဲ့ ပြန်ကြားချက်ဖြစ်တဲ့အတွက် နှစ်ဦးသဘောတူအခကြေးငွေပဲ စဉ်းစားဆောင်ရွက်ပေးရင် အဆင်ပြေပါတယ်။

**အိမ်၊ ခြံ၊ မြေဝယ်ယူမှုများနှင့် ပတ်သက်၍ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များ မတရားဆုံးရှုံးနစ်နာနေရသည်ကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် စိစစ်ကုစားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနကို ကျွန်မက မေးခွန်းလေး ၃ ခု အသေးစိတ်မေးမှာ ဖြစ်ပါတယ်။ မေးခွန်းအချုပ်ကတော့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှာ အိမ်ခြံမြေရောင်းဝယ်မှုများ ပတ်သက်ပြီးတော့ မရွှေ့မပြောင်း နိုင်တဲ့ပစ္စည်းများကို

ရောင်းဝယ်ခြင်း၊ အပိုင်ပေးခြင်း၊ ပေါင်နှံခြင်းစတဲ့ လွှဲပြောင်းတဲ့အခါမှာ တရားဝင်မှုရှိဖို့အတွက် သက်သေခံ ဝင်ဖို့အတွက်ကို တည်ဆဲဥပဒေအသီးသီးနဲ့ ဆောင်ရွက်ကြတဲ့အခါ တရားသဖြင့် ဖြစ်အောင် နိုင်ငံတော်ဘဏ္ဍာ မဆုံးရှုံးအောင် မည်ကဲ့သို့ ဆောင်ရွက်နေပါသနည်းဆိုတာကို မေးလိုတာ ဖြစ်ပါတယ်။ နောက် အရောင်းအဝယ်စာချုပ်လို့ ခေါ်တဲ့ ဒီပစ္စည်းလွှဲတဲ့စာချုပ် **ကွန်ဗေးနီးယန့်** နောက်တစ်ခါ မေတ္တာသက်သက်နဲ့ ပစ္စည်းပေးတဲ့စာချုပ် Gift **ဂျူစာရီဆာ** တန်ဖိုးတစ်ရာကျပ် အထက်ဆိုရင် မှတ်ပုံတင်စာချုပ်မှာ တံဆိပ်ခေါင်းခွန်ကပ်ပြီးမှ ချုပ်မှသာ တရားဝင်ဖြစ်ပါတယ်။ အဲဒါမှ တရားဝင် လွှဲပြောင်းတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ Transfer of Poverty Act နဲ့ ပုဒ်မ ၅၄ နဲ့ ပြဋ္ဌာန်းထားတဲ့အတိုင်း ဥပဒေမြောက်မှာဖြစ်ပါတယ်။ နောက်တစ်ခါ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ The Myanmar Stamp Act ပုဒ်မ ၃၃ ပုဒ်မခွဲ(၁)အရလည်း တံဆိပ်ခေါင်းခွန်ထိုက်တဲ့ စာချုပ်စာတမ်း တစ်စုံတစ်ရာပေါ်မှာ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားခြင်းမရှိလျှင် သို့မဟုတ် လျော့နည်းထမ်းဆောင်ထားပါက ယင်းစာချုပ်စာတမ်းကို စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက အရေးယူ ဆောင်ရွက်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ပေးခြင်း မပြုရဟု သတ်မှတ်ထားတာရှိပါတယ်။ အဲဒီ စာချုပ်ကိုလည်း ဒီမှတ်ပုံတင်အရာရှိကနေပြီးတော့ စာချုပ်ကို ထိမ်းချုပ်ထားနိုင်ပါတယ်။ အဲဒီတော့ အဲဒါတွေနဲ့ပတ်သက်ပြီးတော့ ကျွန်မက Fixed Asset တွေနဲ့ပတ်သက်လို့ ပုံသေပစ္စည်း တွေကို ရောင်းတဲ့အခါမှာ အခု ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့တွေနဲ့ တခြားမြို့တွေမှာဆိုရင် အိမ်ခြံမြေတွေက အဆမတန်ဈေးကြီးတာ အားလုံးသိကြတဲ့အတိုင်းဖြစ်ပါတယ်။ ဒီအဆမတန်ဈေးကြီး တဲ့ Fixed Asset တွေရောင်းဝယ်တဲ့အခါမှာ ပစ္စည်းအရောင်းအဝယ်တစ်နည်းအားဖြင့် ပစ္စည်း ရောင်းချမှုအတွက် အခြေပစ္စည်းမှအမြတ်အစွန်းငွေဆိုပြီးတော့ ၁၀ ရာခိုင်နှုန်းကို ဝင်ငွေခွန် သို့မဟုတ် အမြတ်ခွန် ကျသင့်ရပါတယ်။ အဲဒီထဲမှာ ဝင်ငွေရလားမဖော်ပြနိုင်တဲ့ လမ်းကြောင်းကနေ ဝင်ငွေကနေ ပတ်သက်ပြီးတော့ အမြတ်ခွန်ဥပဒေအရ ဝင်ငွေရလား မဖော်ပြနိုင် ရင် ၅၀ ရာခိုင်နှုန်း ဝင်ငွေခွန် ဥပဒေအရ ၃၀ ရာခိုင်နှုန်း အမြတ်ခွန် ၅၀ ၊ ဝင်ငွေခွန် ၃၀ ပေးချေရမှာဖြစ်ပါတယ်။ အဲ့ဒီအခါ မှာ နံပါတ်(၁)အချက် မေးတာဖြစ်ပါတယ်။ ဒီဝင်ငွေရလမ်း မဖော်ပြနိုင်တဲ့အခါမှာ ဝင်ငွေခွန် ၃၀ ရာခိုင်နှုန်း၊ အမြတ်ခွန် ၅၀ ရာခိုင်နှုန်း မပေးလိုတဲ့အတွက် ဝင်ငွေရလမ်းရှိတယ်ဆိုတဲ့ Income Statement အတုတွေပြုလုပ်တာကို လက်ခံပြီးတော့ ဝင်ငွေရလမ်းမဖော်ပြနိုင်တဲ့လမ်းကြောင်းကနေ အနုတ် ပြပြီးတော့ အခွန်ဆောင်တဲ့ကိစ္စကို မေးချင်ပါတယ်။ (၂)က တံဆိပ်ခေါင်းခွန်နဲ့ ပတ်သက်လို့ မတရားဆုံးရှုံးတာကကျတော့ အရောင်းအဝယ်စာချုပ် ခုနက ကျွန်တော်ပြောတဲ့ Convenient ဖြစ်စေ

မေတ္တာသက်သက်နဲ့ ပစ္စည်းပေးကမ်းတဲ့ Gifting ဖြစ်စေ အဲ့ဒီအခါ တံဆိပ်ခေါင်းခွန် ကိစ္စက ကျွန်မတို့က တံဆိပ်ခေါင်းခွန်ပေါ်မှာ တန်ဖိုးပေါ်မှာ ကျွန်မတို့က ၅ ရာခိုင်နှုန်းတိုးတဲ့ တံဆိပ်ခေါင်းခွန် အတိုင်းဆိုရင် ကျွန်မတို့က ရန်ကုန်၊ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်မှာဆိုရင် တိုးတဲ့ တံဆိပ်ခေါင်းကို ၂ ရာခိုင်နှုန်းဆိုတော့ ၇ ရာခိုင်နှုန်း ဆောင်ရပါတယ်။ အဲဒီတော့ ဒီတံဆိပ်ခေါင်းခွန်မှာ Gifted ကို သူက ၇ ရာခိုင်နှုန်းမဆောင်ချင်တဲ့အတွက် မွေးစားလိုက်တာရှိပါတယ်။ သားသမီး မွေးစားလိုက်တယ်။ ခေါင်း ၃၀၀ ကပ်လိုက်ရင် ကလေးတစ်ယောက်ရသွားပြီ၊ အဲဒီကလေးကို ၄၊ ၅၊ ၆ ရက်နေတဲ့အခါကျတော့ အပိုင်ပေးစာချုပ်လုပ်တယ်ဆိုပြီးတော့ Settlement Deep လုပ်လိုက်ပါ တယ်။ အဲဒီတော့ ၇ ရာခိုင်နှုန်းအစား ၁.၅ ရာခိုင်နှုန်းပဲ ဆောင်ရပါတယ်။ အဲဒီမွေးစားစာချုပ်အတု လုပ်တဲ့ကိစ္စ ဒုတိယမေးခွန်းမေးလိုပါတယ်။ တတိယ မေးခွန်းကကျတော့ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီး ဌာနကနေပြီးတော့ ၁၂-၈-၂၀၀၇ ရက်စွဲနဲ့ အမိန့်ကြော်ငြာစာ(၁၃၅/၂၀၀၇) ကို ထုတ်ပြန်ခဲ့တဲ့အခါမှာ တံဆိပ်ခေါင်း အပါအဝင် အခွန်နှုန်းလို့ ပူးပေါင်းပြီးတော့ သတ်မှတ်ပြောဆိုခဲ့တဲ့အခါမှာ ပစ္စည်းတန်ဖိုး ကျပ်သန်း ၅၀၀၀ ထိကို ၁၅ ရာခိုင်နှုန်း၊ ၅၀၀၀ နဲ့အထက်ဆိုရင် ၁၂ ရာခိုင်နှုန်းဆိုပြီးတော့ Proportional Tax ကောက်ခဲ့ပါတယ်။ အဲဒီအခါမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စည်ပင်သာယာ ရေးနယ်နိမိတ်မှာရှိတဲ့ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေ Fixed Asset တွေအတွက်က သန်း ၅၀၀၀ အထိကို ဝင်ငွေခွန်က ၈ ရာခိုင်နှုန်း၊ တံဆိပ်ခေါင်းခွန်က ၇ ရာခိုင်နှုန်းဆိုတော့ ၂ ခုပေါင်း ၁၅ ရာခိုင်နှုန်း။ ဒါပေမယ့် နေပြည်တော်မဟုတ်တဲ့ အခြားဒေသမှာရှိတဲ့ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေကျ တော့ သန်း ၅၀၀၀ အထိကို တံဆိပ်ခေါင်းခွန်က ၅ ရာခိုင်နှုန်း အမြတ်ခွန် သို့မဟုတ် ဝင်ငွေခွန်က ၁၀ ရာခိုင်နှုန်းဆိုတော့ စုစုပေါင်း ၁၅ ရာခိုင်နှုန်း Totally က ၁၅- ၁၅ တူတူပဲ။ ဒါပေမယ့် နေပြည်တော် မဟုတ်သည့် အရပ်က လူတွေက ဝင်ငွေခွန်သို့မဟုတ် အမြတ်ခွန်ကို ပိုပြီးတော့ ပေးဆောင်နေရတာ ဖြစ်ပါတယ်။ အဲဒီနှစ်ခု ခြားနားချက်ကို မေးချင်တာပါ။ တတိယမေးခွန်းပါ။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ မောင်မောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များခင်ဗျား။ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ ကျွန်တော့်ရဲ့ မိတ်ဆွေကြီး

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီးဌာန ကိုယ်စား ကျွန်တော်ပဲ ဖြေဆိုပေးသွားမှာဖြစ်ပါတယ်။ ဆရာမကြီးဒေါ်တင်နွယ်ဦးရဲ့ မေးမြန်းချက်မှာ အဓိကကတော့ အိမ်ခြံမြေနဲ့ပတ်သက်ပြီးတော့ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်တွေမတရားဆုံးရှုံးနစ်နာနေတာကို ဘယ်လိုကုစားမှုပေးမလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ခေါင်းကိုက်ပါတယ်။ တော်တော်ကိုကျွန်တော်တို့ အလေးအနက်ထားပြီး စဉ်းစားပါတယ်။ ဆရာမကြီးအသေးစိတ်ထောက်ပြသွားတဲ့အတိုင်းပဲ နိုင်ငံတော်မှာနစ်နာနေတာရှိပါတယ်။ ဒါကိုဖြေရှင်းဖို့အတွက် နည်းလမ်း ၃ သွယ်နဲ့ ဆောင်ရွက်လျက်ရှိကြောင်း အသိပေးလိုပါတယ်။ နံပါတ်(၁) နည်းလမ်းကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၅ လပိုင်းကစပြီး အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ဆိုတာလေးဖွဲ့ပြီးတော့ စိစစ်တာတွေ ကျွန်တော်တို့လုပ်နေပါတယ်။ ဒုတိယနည်းလမ်းကတော့ အိမ်၊ ခြံ၊ မြေနဲ့ပတ်သက်ပြီးတော့ မသမာမှုလုပ်တာမှာ အဓိကကတော့ ကာလပေါက်ဈေးကို လျှော့ပြပြီတော့ တံဆိပ်ခေါင်းခွန်တို့ ဝင်ငွေခွန်တို့ လျှော့ပြီးပေးရမယ့်အနေအထားမျိုးလုပ်တာဖြစ်ပါတယ်။ အဲ့ဒီတော့ ကာလပေါက်ဈေးကို လျှော့ပြီးပြလို့မရအောင် ကျွန်တော်တို့နေရာဒေသကိုလိုက်ပြီးတော့ စံနှုန်းတွေဘယ်ဒေသဆိုလို့ရှိရင် ၁ စတုရန်းမီတာကို ဘယ်လောက်ဈေးပေါက်တယ်ဆိုတဲ့ စံနှုန်းတွေကို အသေးစိတ်သတ်မှတ်ပေးဖို့ အစီအစဉ်ရှိပါတယ်။ အဲ့လို့အသေးစိတ်သတ်မှတ်ပေးတဲ့ ကိစ္စဆိုတာ လွယ်တော့မလွယ်ပါဘူးခင်ဗျာ။ သက်ဆိုင်ရာအာဏာပိုင်တွေနဲ့လည်း ညှိရပါမယ်။ ပြီးတော့ ပြည်သူတွေနဲ့လည်း ညှိပြီးတော့မှ အဲ့ဒီစံနှုန်းတွေကို ကျွန်တော်တို့ကဇယားနဲ့ထွက်ထားပြီး ဘယ်နေရာမှာ ဘာအရောင်းအဝယ်ဖြစ်ရင်တော့ ၁ စတုရန်းမီတာကို ဘယ်လောက်ကြလဲဆိုပြီးပုံသေသတ်မှတ်မယ်ဆိုလို့ရှိရင်တော့ မသမာမှုတွေလျော့နည်းသွားနိုင်စရာရှိပါတယ်။ အဲ့ဒါကိုလည်း ကျွန်တော်တို့ စတင်ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ နောက်အစီအစဉ်တစ်ခုကတော့ မသမာမှုလုပ်တဲ့ အခွန်ဝန်ထမ်းတွေရော၊ သူ့ကိုအားပေးတဲ့ သူကနေပြီးတော့ သူနဲ့ပူးပေါင်းလုပ်တဲ့ အခွန်ထမ်းတွေကိုလည်းပဲ ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက်မေးခွန်းများမေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော အမျိုးသားအစားအသောက်ဥပဒေ ကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄) ရက် မြောက်နေ့ဖြစ်သော ၈-၃-၂၀၁၃ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်း၊ (၂၆) ရက်မြောက်နေ့ဖြစ်သော ၁၃-၃-၂၀၁၃ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားတင်သွင်းခဲ့ရာ အချက်နှစ်ချက်ကို ပြင်ဆင်ကြောင်းဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုကိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ပြင်ဆင်လိုသည့် အပိုဒ်၊အပိုဒ်ခွဲ အကြောင်းအရာ၊ အချက်အလက်ကိုတိကျစွာရေးသား၍ ၂၀-၃-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင် ဆွေးနွေးချက်ကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှ မရှိပါ။ ဒါကြောင့် အမျိုးသား အစားအသောက် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[လွှတ်တော်ကို သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် အတည်ဖြစ်ကြောင်းနဲ့ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ကျင်းပ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီး တော်တော်လေးပင်ပန်းသွားပါ တယ်။ ရေတစ်ခွက်သောက်လိုက်တာတွေ့ပါတယ်။

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဇူလိုင်လ ၁ ရက် တနင်္လာနေ့ နေ့လယ် ၁၄း၀၀ နာရီ (၂ နာရီ)မှာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပမှာဖြစ်ကြောင်းသိရပါတယ်။ ကြိုတင်ဆောင်ရွက်ထား တာဖြစ်ပါတယ်။

**အချိန်**၊ ၁၂း၄၅။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထမြောက်နေ့ကို နေ့လယ် ၁၂း၄၅ မိနစ် အချိန်တွင် ပြီးဆုံးပါသည်။]